# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 27 February 2024 ၁၁၃၈၄


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**စိုက်ပျိုးရေဖူလုံမှုမှသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်**

ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၈

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်**

စာမျက်နှာ » ၉

**သာယာဝတီခရိုင်၌ ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ် ပိုမိုရရှိ**

စာမျက်နှာ » ၁၈


## သမိုင်းဝင် မန်းရွှေစက်တော်ဘုရားကြီးတွင် ဘုရားဖူးများဖြင့် စည်ကားများပြား

မင်းဘူး ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ဘုရားဖူးသူ၊ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်ထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



မန်းရွှေစက်တော်ဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



## ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းမြေပဲ ၁၂၃၆၁ ဧက ရိတ်သိမ်းပြီးစီး

ကျွန်းလှ ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော မြေပဲ ၁၂၃၆၁ ဧက ရိတ်သိမ်းပြီးစီးကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တစ်ဧက ၇၅ တင်းကျော် ထွက်ရှိ**

"ကျွန်းလှမြို့နယ်မှာ ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်းနဲ့ မုန်ညင်းစေ့ သီးနှံများ စိုက်ပျိုးကြပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး အထွက်နှုန်းပိုလာပါတယ်။ လက်ရှိအချိန်ထိ စိုက်ဧက ၁၄၂၃၆ ဧကအနက် ၁၂၃၆၁ ဧက ရိတ်သိမ်းပြီး တစ်ဧက ၇၅ တင်းကျော် ထွက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ပိုးမွှားကျရောက်မှု

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ကြေးမုံ

# မမှန်သတင်းများရှောင် တိုင်းပြည်အကျိုးဆောင်

မျက်မှောက်ကာလတွင် ဖြစ်ပေါ်လာသော အခြေအနေနှင့်ပတ်သက်၍ ကောလာဟလအမျိုးမျိုး ပေါ်ထွက်နေသည်ကို ကြားသိကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ကောလာဟလသတင်းစကားများအပေါ် အခြေခံပြီး စိုးရိမ်ပူပန်မှု အနည်းအများဖြစ်ပေါ်လေ့ရှိသည်။ အချို့မှာ တရားဝင်သတင်းစကားများကို စူးစမ်းလေ့လာ၍ ဆောင်ရွက်ကြသူများရှိသလို အချို့မှာ စိုးရိမ်ပူပန်စိတ်ဖြင့် လုပ်မှား၊ ကိုင်မှား ဖြစ်ခဲ့ကြသူများရှိသည်။

အမှန်တကယ်တွင် မည်သည့်အခါတွင်မဆို အခြေအနေအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လာတိုင်း သေချာစူးစမ်းလေ့လာဆောင်ရွက်ပြီးမှ လုပ်သင့်လုပ်ထိုက် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်တို့ကို လုပ်ကိုင်သင့်ပေသည်။ ယခုတစ်လော ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်စေရန် ပြဋ္ဌာန်းလိုက်သည်နှင့် တစ်ချိန်တည်းတွင် ပြည်သူလူထုကြား၌ ကောလာဟလအမျိုးမျိုး၊ သွေးထိုးလှုံ့ဆော်မှုအဖုံဖုံ ပေါ်ပေါက်လာသည်ကို တွေ့ကြရမည်ဖြစ်သည်။ ပြည်သူလူထု စိတ်ဝင်စားမှုနှင့် စိုးရိမ်ပူပန်မှု ရေချိန်အပေါ်မူတည်၍ သောင်းကျန်းသူများ၊ မသမာသူများနှင့် ပြည်ဖျက်မီဒီယာများက အချိန်ကိုက်လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်တွင်းရှိ လူငယ်လူရွယ်များ ပျောက်သွားသည်။ ဖမ်းဆီးခံရသည်။ ပေါ်တာဆွဲနေသည်။ အတင်းအဓမ္မ စစ်သားစုဆောင်းနေပြီ။ ချက်ချင်းရှေ့တန်းပို့သည်။ မလိုက်လိုသူ ငွေပေးရသည်။ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြသည် စသည်ဖြင့် မဟုတ်မမှန် ကောလာဟလသတင်းများ ဆက်တိုက်ထုတ်လွှင့်နေကြသည်ကို ကြားသိနေရသည်။ ပွဲလန့်လျှင် ဖျာခင်းကြသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် သောင်းကျန်းသူအဖွဲ့အမျိုးမျိုးကလည်း အသိမှား၊ အတွေးမှားသည့် လူငယ်များကို စည်းရုံးဆွဲဆောင် လက်ယပ်ခေါ်နေကြသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။

ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရာ၌ လိုရင်းအချက်ကိုသာ အကျဉ်းချုပ်ထုတ်ပြန်လေ့ရှိသည်။ တစ်ဆက်တည်းတွင် ဥပဒေ၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းချက်၊ အသေးစိတ်နည်းဥပဒေအချက်အလက်များကို ဆက်လက်ထုတ်ပြန် အသိပေးလေ့ရှိသည်။ သို့သော် အများပြည်သူတို့အနေဖြင့် ကနဦး လိုရင်းထုတ်ပြန်ချက်နှင့် ချက်ချင်းပေါ်ထွက်လာသော ကောလာဟလ သတင်းစကားများအပေါ်မူတည်၍ လုပ်မှား၊ ကိုင်မှား၊ ပြောမှား၊ ဆိုမှားများဖြစ်လာခဲ့သည်။ နိုင်ငံတော်အနေဖြင့် ထုတ်ပြန်လိုက်သည့် ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများ၊ တရားဝင် အသိပေးပြောကြားမှုများ ပြုလုပ်လျက်ရှိသော်လည်း လေ့လာစူးစမ်းမှုအားနည်းမှု ရှိနေသည်မှာ ထင်ရှားပေသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တရားဝင်ထုတ်ပြန် အသိပေးမှုများအပြင် နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ဒေသခံပြည်သူများ သိလိုသောမေးခွန်းများကို ရှင်းလင်းဖြေကြားပေးခြင်း၊ ဥပဒေနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ အချက်အလက်များအား လက်ကမ်းစာစောင်များဖြင့် ဖြန့်ဝေ အသိပေးခြင်းစသည်တို့အား ပြုလုပ်ပေးနေသည်ကို တွေ့ရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် ကြိုဆိုထောက်ခံရမည်ဖြစ်သလို စိုးရိမ်ပူပန်စရာလည်း ဖြစ်ရန်မလိုပေ။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်ရန်တာဝန်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ခေတ်ကာလများကတည်းက ထုတ်ပြန်ထားခြင်းဖြစ်သည်။ "သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံအတွက်၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အသိပေးပြောကြားထားသည်။ သို့သော် ထုတ်ပြန်ထားသည့် ဥပဒေကို သေချာလေ့လာခြင်းမရှိဘဲ အခြေအမြစ်မရှိသည့် သတင်းမှားများ၊ ထင်မြင်သုံးသပ်ချက်များ၊ ကောလာဟလသတင်းများအပေါ်တွင်အခြေခံ၍ သွေးထိုးလှုံ့ဆော်မှုများနှင့် နားယောင်မှုများရှိနေသည်ကို တွေ့ရသည်။

ယခုအခါ စစ်မှုထမ်းဟောင်းများက ပြန်လည်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသူများရှိသလို စစ်မှုထမ်းဟောင်းမဟုတ်သော်လည်း တပ်မတော်တွင် ပါဝင်ထမ်းဆောင်လိုသည့်အတွက် ဆန္ဒပြုသူများလည်း များစွာရှိနေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ထောက်ခံသည့်၊ နိုင်ငံတော်နှင့်တပ်မတော်ကို ချစ်မြတ်နိုးသည့် ပြည်သူများကိုလည်း ဒေသအလိုက်တွေ့မြင်နေရသည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ အမျိုးသားစစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံသားများ အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များဖြင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ ရရှိစေရန်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိအမြင်အမှန်များရရှိကြပြီး စိုးရိမ်ပူပန်မှုမဖြစ်စေရေး၊ ပြည်သူများ လုံခြုံစိတ်ချမှုရှိစေရေး၊ တိုင်းပြည်၏အနာဂတ် လူငယ်လူရွယ်များ အခန်းကဏ္ဍမြင့်မားလာစေရေးအတွက် မဟုတ်မမှန် ကောလာဟလသတင်းစကားများကို နားမယောင်ဘဲ စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် မိမိအတွက်၊ တိုင်းပြည်အတွက် ကောင်းမွန်လာအောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်နှင့် ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၃/၂၀၂၃ (ဧရာဝတီ)၊ ၄၀/၂၀၂၃ (မွန်)၊ ၄၃/၂၀၂၃ (ရန်ကုန်)၊ ၅၀/၂၀၂၃ (ရန်ကုန်)၊ ၅၁/၂၀၂၃ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "တစ်နေ့တစ်မျိုး မရိုးရတဲ့ ကောလာဟလများ" ခေါင်းစဉ်ဖြင့် ၂၈-၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၀၇၆ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၆-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၈-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၀၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၄၀၀ | ၂၅၀ | ၂,၀၉၅,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂,၇၀၆ | ၇,၈၄၇,၄၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁၈ | ၁၃၆,၈၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၅၀ | ၃၇၅,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၂ | ၄,၉၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၄၄၇ | ၇၃၇,၉၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၉ | ၄၃,၂၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၇၄ | ၁၂၅,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၁၂)ကြိမ်မြောက် အကျဉ်းဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန (၁၂)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၄၉)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျဉ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးဆွေနှင့် အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက အကျဉ်းဦးစီးဌာန ၏ ရည်မှန်းချက်များဖြစ်သည့် လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရေး၊ ပြည်သူ့ အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက်(၄) ရပ်ကို အကောင်အထည်ဖော် ဆောင်နေသည့်နည်းတူ လုပ်ငန်းစဉ်(၈)ရပ်ဖြစ်သည့် လုံခြုံရေး၊ စည်းကမ်း စနစ်တကျရှိရေး၊ အကျဉ်းသားများ၏ လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် စာပေပညာများ သင်ကြားပေးရေး၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက် ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက် ရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည် ကို တွေ့ရှိရကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းကမ်း စနစ်တကျရှိရေး၊ တာဝန်ကိုကျေပွန်စွာထမ်းဆောင် ရေး၊ စွမ်းဆောင်ရည်မြင့်မားစေရေး၊ သက်သာ ချောင်ချိရေးတို့တွင်လည်း ပိုမိုတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်က ချမှတ် ထားသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို **“မူဝါဒ”** အဖြစ် ခံယူပြီး ကျရာအခန်းကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။




အကျဉ်းဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **“ကြင်နာမှုရှိပါ သို့သော် ရပ်တည်ချက်ခိုင်မြဲပါစေ”** ဟူသောဆောင်ပုဒ်နှင့်အညီ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံဆောင်ရွက်ရန်နှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ပြည်သူလူထု အားကိုးယုံကြည်သော တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာန၏ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအပေါ် လေးစားလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသော တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်း ဦးစီးဌာန (၁၂)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်း အမှတ် မှတ်တမ်းဗီဒီယို Clip ကို ပြသသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ လွှိုင်ကော်အကျဉ်းထောင်မှ ရဲဗလတံဆိပ်ရရှိသူ ကိုးဦးကိုယ်စား ၎င်းတို့၏ဇနီးနှင့် မိသားစုဝင်များအား ဂုဏ်ပြုလက်မှတ်၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများ အတွက် အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေ များပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်ဝန်ထမ်း များနှင့် ဌာနပြင်ပသင်တန်းများတွင် စံပြထူးချွန်ဆု ရရှိသည့် ဝန်ထမ်းများကို လည်းကောင်း၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဌာနပြင်ပသင်တန်းများတွင် စံပြထူးချွန်ဆုရရှိသူများနှင့် စစ်ရေးပြထူးချွန်ဆု ရရှိသူများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ဌာနပြင်ပသင်တန်းတွင် ထူးချွန်ဆု ရရှိသူများနှင့် အားကစားထူးချွန်ဆုရရှိသူဝန်ထမ်း များကို လည်းကောင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးဆွေက အုပ်ချုပ်မှုစွမ်းရည် အကောင်း ဆုံးဆုရရှိသည့်တိုင်းဒေသကြီးနှင့် ပြည်နယ် သုံးခု ကိုယ်စား ကိုယ်စားလှယ် သုံးဦးကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယ ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ဇနီးများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနတို့မှ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများအား တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံအမတ်ကြီး များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီး ရုံး၊ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနတို့မှ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ် ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက ဝန်ကြီးဌာနအကျိုးအတွက် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု နှင့် ကွပ်ကဲမှုသည် အရေးကြီးကြောင်း၊ စီမံခန့်ခွဲမှု ကောင်းမှသာ မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မျှတမှု၊ မှန်ကန်မှုရရှိမည်ဖြစ် ကြောင်း၊ ဝန်ထမ်းများ၏အခက်အခဲများ၊ လိုလား ချက်များကို သိရှိရပါက ပူးပေါင်းဖြေရှင်းဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော် အပေါ် သစ္စာစောင့်ထိန်းရန်၊ နိုင်ငံတော်နှင့် လူ့အဖွဲ့ အစည်းအတွက် အချိန်ကို အကျိုးရှိစွာ အသုံးပြုရန်၊ တစ်ပါးသူများကိုကူညီရန်၊ လုပ်ငန်းဆောင်ရွက်ရာ တွင် ခေတ်စနစ်နှင့်အညီ မှန်မှန်နှင့်မြန်မြန် လုပ်ဆောင် နိုင်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် လုပ်ငန်း ခွင်တွင် ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်ရန် လည်း လိုအပ်ကြောင်း၊ အဓိကအနေဖြင့် ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာ၍ ပျော်ရွှင်စွာ လုပ်ငန်းတာဝန် များကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများ က လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြ ကြရာ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေ များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျိုင်းတုံမြို့၌ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ်တွင် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများ အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၉ ရက်ထိ မြန်မာ့စီးပွားရေးဘဏ်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိ သူများက ပူးပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြ သော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ငွေကျေးကုန်ကျစိုက်ထုတ်ရမှု လျော့နည်း စေရေး လက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာ တွင် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား နှလုံး၊ သွေးတိုး၊ ဆီးချို စသည့် ကျန်းမာရေး ဆိုင်ရာ ရောဂါများကို စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာ ရေးဆေးကုသခြင်းများကို ကျိုင်းတုံ အထွေထွေရောဂါကု ဆေးရုံကြီးတွင် စစ်ဆေးဆောင်ရွက်ပေး၍ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက် သည်။ ထို့အပြင်ကျိုင်းတုံပြည်သူ့ဆေးရုံ ကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Pfizer Covid Vaccine ကာကွယ်ဆေးထိုးနှံ ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများ အား ကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရှိ မြို့နယ်အသီးသီးတွင် ပင်စင်ထုတ်ရက် ကာလများတွင် လစဉ်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်းရှိ သံဃာတော်များနှင့် သီလရှင်များအား တတိယအကြိမ် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်များနှင့် သီလရှင်များအား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်သန်၍ တတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌



သံဃာတော်များနှင့် သီလရှင်များအား တတိယ အကြိမ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံရာ နေပြည်တော်ပြည်သူ့ ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူးက သံဃာတော် များနှင့် သီလရှင်များအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆေးရုံအုပ်ကြီးက ဆေးရုံသမိုင်းနှင့် ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှု အခြေအနေများကို လည်းကောင်း၊ အသည်း ရောင်အသားဝါ ဘီပိုးကာကွယ်ဆေးအလှူရှင် ဦးမျိုးအောင်က ကာကွယ်ဆေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)အတွက် ဆေး ပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

ယနေ့တွင် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၃၀၀)ဆေးရုံ၊ တပ်ကုန်းမြို့နယ် မဟာဇနကပရိယတ္တိစာသင်တိုက်၊ ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက်၊ သံဃ ဘောဇ္ဇဌာန ဝိဟာရသံဃာ့ဆေးရုံနှင့် လယ်ဝေး မြို့နယ် ခုတင်(၁၀၀)ဆေးရုံကြီးတို့တွင် တတိယ အကြိမ်အဖြစ် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေး သုံးကြိမ်ပြည့် အခမဲ့ထိုးနှံပေးခဲ့ ကြောင်းနှင့် Ever Meter Co.,Ltd က နိုင်ငံအတွင်းရှိ သံဃာတော်များနှင့် သီလရှင်များအတွက် အသည်း ရောင်အသားဝါဘီပိုးကာကွယ်ဆေးများ ဆက်လက် ထိုးနှံနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ ရှေ့ဖုံးမှ**

ရွှေစက်တော်ဘုရားပွဲကို ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၅ ရက်၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အငြိမ့်ပွဲများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပ၍ ဖွင့်လှစ်ခဲ့ပြီး ယခုရက်ပိုင်း ရုံးပိတ်ရက်များ၊ Grade -11, Grade -10, Grade -8, Grade -7 စသော ကျောင်းသားများ စာမေးပွဲပြီး၍ ကျောင်း ပိတ်သည့်ရက်များတွင် အနယ်နယ်အရပ် ရပ်မှ ခရီးသွားပြည်သူများ၊ ဘုရားဖူးများ ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုနှစ်သည် ဝါထပ်သည့်နှစ်ဖြစ် သောကြောင့် ဘုရားပွဲတော်ကို ၆၄ ရက် သာ ကျင်းပနိုင်သော်လည်း ဘုရားကြီး၊ အထက်စက်တော်အတက် လှေကား၊ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်နှင့် ပြာသာဒ်၊ နဂါးရေအိုင်၊ ဈေးဆိုင်တန်းများ တိုးချဲ့ပြင်ဆင် တည်ဆောက်ခြင်းများ၊ သုံးမိုင်အဝင်လမ်းမှစတင်ကာ ပန်းအိုး များ၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိခြင်း၊ စက်တော်ရာ ပါဒစေတီနှစ်ဆူအား ကူးသည့် လူကူးသံဘောလီတံတားများကို လည်း အသစ်တည်ဆောက်ခြင်းများကို အဆင့်မြှင့်တင်ကာ ဆောင်ရွက်ထား ကြောင်း သိရသည်။

အဆင့်မြင့် တည်းခိုဆောင် လေးလုံး နှင့် ရိုးရိုးတည်းခိုဆောင် ၅၄ လုံးရှိကာ အဆင့်မြင့်တည်းခိုဆောင်တွင် First Class အခန်းတွင် တစ်ရက်တည်းခိုက ငွေကျပ် ၁၀၀၀၀၀၊ Second Class တွင် တစ်ရက်တည်းခိုက ငွေကျပ် ၈၀၀၀၀၊ Third Class တွင်တစ်ရက် တည်းခိုက ငွေကျပ် ၅၀၀၀၀ နှင့် ရိုးရိုးတည်းခိုဆောင် ရေစပ်အခန်းများတွင် တစ်ရက် ငွေကျပ် ၅၀၀၀၀၊ ကုန်းပေါ်အဆောင်များတွင် တစ်ရက် ငွေကျပ် ၃၅၀၀၀ ဖြင့် တည်းခိုနိုင် ကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**



---

**❍ ကျွန်းလှမြို့နယ်မှ**

ကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အသိပညာပေးပြီး ယူရီး ယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာ စွာရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ စိုက်ပျိုးရန် ၁၃၈၉၆ ဧကလျာထားပြီး ၁၄၂၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီ တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

---

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်းကျင်းပ သည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သင်္ဃန်းကျွန်းမြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)ရှိ တုန့်ရှိန်းမမီခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဦးရွှေတိုးက အဖွင့်အမှာစကား ပြောကြား ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ် စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) မြန်မာစာဌာနမှ ကထိက (ဌာနမှူး) ဒေါက်တာသီတာမင်းတို့က စေ့စပ်ညှိနှိုင်းရေးမှူးများအဖြစ် ဆောင် ရွက်ကြပြီး သွားဘက်ဆိုင်ရာဆေး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ က လူငယ်နှင့်ရိုးရာယဉ်ကျေးမှု၊ ကျန်းမာ ရေးနှင့်အားကစား၊ ယနေ့လူငယ် နောင်ဝယ်လူကြီး၊ လူငယ်နှင့်ပရဟိတ စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်း ပြသထားသည့် သုတ/ရသ စာအုပ် စာစောင်များကို ကျောင်းသား ကျောင်းသူ များက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ ကြောင်း သိရသည်။

**လှလှနွယ်**

တောင်သူလယ်သမားနေ့အကြိုဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေဖူလုံမှုမှသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်

**ဝင်းကို-ဆည်ရေ**



မိုးယွန်းကြီးကန်မှ နွေစပါးစိုက်ပျိုးရေအတွက် ရေပိုလွှဲမှ ရေပို့လွှတ်နေမှုကို တွေ့ရစဉ်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များသည် မြန်မာနိုင်ငံတွင်လည်း သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးကဏ္ဍ ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိနေပါသည်။

မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှု အပြောင်းအလဲများ ခြင်းစသည့် လွန်ကဲသော ရာသီဥတုဖြစ်ရပ်များကြောင့် စိုက်ပျိုးရေမလုံလောက်မှုပြဿနာနှင့် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရမှုကို ကျော်လွှားနိုင်ရန်၊ သီးနှံများအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် အဓိကအရေးပါသည့် အချက်တစ်ခုဖြစ်သော စိုက်ပျိုးရေ လုံလောက်စွာရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်စေရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှု**

နိုင်ငံတစ်ဝန်းရှိ မြေပေါ်မြေအောက် ရေအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရေအားအဆောက်အအုံများကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေလှောင်တမံပေါင်း ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ရေအားအဆောက်အအုံ ၈၈၀ ခုတို့အား တည်ဆောက်ထိန်းသိမ်းထားရှိပြီး ဆက်စပ်ဆည်ရေသောက်စနစ်များကိုလည်း ထည့်သွင်းတည်ဆောက်ကာ ဆည်ရေသောက်ဧရိယာ ဧက ၃၁ သိန်းကျော်အား စိုက်ပျိုးရေပေးဝေလျက်ရှိသကဲ့သို့ ဆည်ရေသောက်ဧရိယာအတွင်း မပါဝင်သည့်ဒေသများ၌ မြေအောက်ရေကို အသုံးပြုစိုက်ပျိုးနိုင်ရန် စက်ရေတွင်း ၂၅၅၄ တွင်းကို တူးဖော်ထားရှိပြီး စိုက်ပျိုးမြေ ၂၅၄၁၀၅ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။

ဆည်၊ ကန်၊ တမံများမှ သိုလှောင်ရေများဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အခြားရေရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့်လည်း စိုက်ပျိုးရေဖူလုံမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လတ်တလောအကျိုးပြုနိုင်မည့် လုပ်ငန်းများအနေဖြင့် မိုးတွင်းကာလ ရိုးငယ်၊ ချောင်းငယ်များမှ အလဟဿစီးဆင်းလျက်ရှိသည့် ရေများကို ယာယီချောင်းပိတ်တမံများပြုလုပ်၍ ရေကိုစုဆောင်းပြီး လျှပ်စစ်နှင့် ဆိုလာစနစ်များဖြင့် ရေတင်ပေးဝေကာ စိုက်ပျိုးမြေဧရိယာများ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ နွေကာလရေရှားပါးချိန်တွင် နွေသီးနှံစိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တစ်နိုင်ငံလုံး၌ ဆည်၊ တမံများမှ သိုလှောင်ရေများအပြင် အခြားရေရရှိနိုင်သည့်နေရာများ၌ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ (၂၀၂၃-၂၀၂၄) ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လုပ်ငန်းပေါင်း ၃၁၇ ခုကို ဆောင်ရွက်၍ နွေသီးနှံစိုက်ပျိုးဧရိယာ ၁၄၀၂၇၂ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် ရေချိုရရှိရေးအတွက် မြစ်ချောင်းများမှတစ်ဆင့် ရေချိုသွင်းမြောင်းများအား နှစ်စဉ်တူးဖော်ခြင်း၊ ရေချိုထိန်း ရေတံခါးများတည်ဆောက်ခြင်းဖြင့် သီးထပ်သီးနှံစိုက်ပျိုးကေတိုးချဲ့စိုက်ပျိုးနိုင်ပြီး ရေငန်ဝင်ရောက်မှုကို ကာကွယ်နိုင်ရန်အတွက် ရေငန်တားတာများနှင့် ရေတံခါးများ တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၂၀၂၀-၂၀၂၁) ခုနှစ်၌ စိုက်ပျိုးရေပေးဝေနိုင်ခဲ့မှုအနေဖြင့် ဧက ၂၃ ဒသမ ၈၉ သိန်း ပေးဝေခဲ့ရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့မှုများအရ ယခု (၂၀၂၃-၂၀၂၄)ခုနှစ် နွေစပါးရာသီတွင် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၃၈ ဒသမ ၄၇ သိန်းအထိ စိုက်ပျိုးရေတိုးတက်ပေးဝေလျက်ရှိပါသည်။

**ရေအသုံးချသူများအဖွဲ့**

တောင်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် ဒေသမှ တည်ဆောက်ထိန်းသိမ်းထားသည့် ကျေးလက်ဆည်ငယ်/ ကန်ငယ်များ ထိန်းသိမ်းပြုပြင်ရာတွင် လိုအပ်သည့် နည်းပညာနှင့် စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆည်ရေသောက်စနစ်များတွင် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်မှုရှိစေရန်အတွက် ဆည်ရေသောက်တောင်သူများကို ရေအသုံးချသူများအဖွဲ့ (Water Users Group)အဖြစ် ဖွဲ့စည်း၍ ရေပေးဝေမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလကုန်ထိ နိုင်ငံတစ်ဝန်း၌ ရေအသုံးချသူများအဖွဲ့ (WUG) ပေါင်း ၈၉၈၂ ဖွဲ့ကို တောင်သူဦးရေ ၂၂၈၇၉၉ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ WUG အဖွဲ့များ ပိုမိုအားကောင်းလာစေရန်နှင့် ရေပေးဝေမှုလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာစေရန် ရေအသုံးချသူများအသင်း (Water Users Association) အဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ WUA ၁၀ သင်းအားဖွဲ့စည်းပြီးဖြစ်ပါသည်။

တောင်သူများအား အဆိုပါ WUG / WUA အသင်းအဖွဲ့များမှတစ်ဆင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေနိုင်ရန်အတွက် ရေစီမံခန့်ခွဲမှုသင်တန်းများ ပို့ချခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် ရေပေးဝေမှုများအား သရုပ်ပြခြင်း၊ စံပြစိုက်ခင်းများသို့ လေ့လာရေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ရေဘေးကာကွယ်ရေး ဆောင်ရွက်မှု**

မြစ်ချောင်းများအနီး မြစ်ဝှမ်းဒေသများနှင့် မြစ်ရေကြီးမှု ဖြစ်ပေါ်လေ့ရှိသော ဒေသများတွင် စိုက်ပျိုးမြေဧရိယာများအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရေဘေးကာကွယ်ရေးတာများကို တည်ဆောက်ထားရှိပါသည်။ ထို့ပြင် ပင်လယ်နှင့် ထိစပ်လျက်ရှိသော ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေငန်တားတာများကိုလည်း တည်ဆောက်ထားရှိပါသည်။ တစ်နိုင်ငံလုံးတွင် ရေဘေးကာကွယ်ရေးတာ ၁၀၂ ခု၊ အလျားမိုင် ၁၃၆၁ မိုင်ကိုလည်း တည်ဆောက်၍ စိုက်ပျိုးမြေဧရိယာဧက ၂၀ ဒသမ ၂၄ သိန်းကျော်ကို ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ထားရှိပြီး ရေငန်တားတာ ၁၂၉ ခု၊ အလျားမိုင် ၁၂၃၃ မိုင်ကို တည်ဆောက်၍ စိုက်ပျိုးမြေဧရိယာ ခုနစ်သိန်းကျော်ကို ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ထားရှိပါသည်။ ထို့ပြင် စိုက်ပျိုးမြေဧရိယာများတွင် ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရန် ချောင်း/မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကော/မြောင်းကောများ၊ ရိုးများနှင့် ရေနုတ်မြောင်းများအား နှစ်စဉ် တူးဖော်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်နှင့် ထိစပ်လျက်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါးနှင့် နွေသီးနှံတို့ရဲ့စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းထိခိုက်မှုမရှိစေရေးအတွက် ရေငန်ဝင်ရောက်မှုတိုင်းတာခြင်းလုပ်ငန်းများကို ပင်လယ်ရေငန်ဝင်ရောက်မှုနှုန်းအများဆုံးဖြစ်သည့် မတ်လနှင့် ဧပြီလများ၏ ရေထရက်များတွင် တိုင်းတာဆောင်ရွက်လျက်ရှိပါသည်။ တိုင်းတာရရှိသည့် အချက်အလက်များအရ ရေငန်ဝင်ရောက်မှု အခြေအနေများကို တောင်သူများသိရှိစေရန်အတွက် ဆိုင်းဘုတ်များစိုက်ထူ၍ အသိပေးခြင်းနှင့် တောင်သူတွေ့ဆုံပွဲများတွင် အသိပေးပြောကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးရေချွေတာသုံးစွဲ၍ စိုက်ကေများ ပိုမိုတိုးတက်လာစေမည့် နည်းလမ်းများ**

ယခုနောက်ပိုင်းကာလများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ရှားပါးလာပြီး စိုက်ပျိုးရေမလုံလောက်မှုများနှင့် ကြုံတွေ့နိုင်ခြေရှိလာသဖြင့် စိုက်ပျိုးရေရယူသုံးစွဲမှုကို သမားရိုးကျ နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းထက် စိုက်ပျိုးရေလျော့နည်းသုံးစွဲနိုင်မည့် နည်းလမ်းများအား ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် စိုက်ကေများ တိုးတက်လာစေရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

တောင်သူများအနေဖြင့် ရေရရှိနိုင်မှု အခြေအနေများအပေါ်မူတည်၍ စိုက်ပျိုးသည့်သီးနှံနှင့် စိုက်ပျိုးနည်းစနစ်ပုံစံများကို ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေ ရယူသုံးစွဲရာတွင် မိမိတို့စိုက်ပျိုးသည့် သီးနှံ၏အနည်းဆုံး ရေလိုအပ်ချက်ပမာဏကိုသာ ထိထိရောက်ရောက် ရယူသုံးစွဲခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုကို လျှော့ချ၍ အကျိုးရှိထိရောက်စွာသုံးစွဲခြင်း၊ ရေလိုအပ်ချက်နည်းပါးသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဒေသအလိုက်၊ ရေသောက်ဧရိယာများအလိုက် သင့်တော်ထိရောက်သည့် ရေပေးဝေမှုစနစ်၊ ရေရယူအသုံးပြုမှုစနစ်များကို ရေပေးဝေသူများ၊ ရေအသုံးချသူတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များအကြား ပူးပေါင်းညှိနှိုင်း၍ စိုက်ပျိုးရေလျော့နည်းသုံးစွဲနိုင်ရေး (Reduce) အတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေရှားပါးသော ဒေသများတွင် ရေနုတ်မြောင်းမှရေကို အသုံးပြုခြင်း (Reuse) သည် ရေအရင်းအမြစ် ဖြည့်တင်းရေးအတွက် အရေးကြီးသော ဗျူဟာတစ်ရပ်ဖြစ်သည်။ ထို့ပြင် ပြန်လည်အသုံးပြုခြင်းသည် ရေနုတ်မြောင်းတွင်စီးဆင်းသည့် ရေပမာဏကို လျှော့ချခြင်းဖြင့် ရေနုတ်မြောင်း ပြဿနာများကို သက်သာစေနိုင်သည်။ ရေနုတ်မြောင်းများ၊ ရိုးချောင်းများတွင် မြေပြင်အနေအထားများအရ နွေရာသီရေရှားပါးကာလတွင် တစ်ဖက်ပိတ်ဆည်ငယ်များ ပြုလုပ်ခြင်း၊ ယာယီမြေသား တမံများ ပြုလုပ်ခြင်းတို့ဖြင့် ပိုလျှံရေများကို ပြန်လည်စုဆောင်း ရယူခြင်း၊ စုဆောင်းရရှိသည့်ရေများကို ရေစုပ်တင်၍ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

တူးမြောင်းများနှင့် ရေအားအဆောက်အအုံများ၊ ရေနုတ်မြောင်းများနှင့် ရေယူပေါက်၊ ရေထွက်ပေါက်များအား စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ပြုပြင်ခြင်း (Renovation) တို့ကို ပုံမှန်ဆောင်ရွက်ခြင်းဖြင့်လည်း စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမှ လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

> စိုက်ပျိုးရေမလုံလောက်မှုပြဿနာကို ကြိုတင်မှန်းဆ၍ ဖြေရှင်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အပိုင်းမှ ကျခံဆောင်ရွက်ရသည့် လုပ်ငန်းများရှိသကဲ့သို့ ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ရေပေးမြောင်းနှင့် ရေယူအဆောက်အအုံများကို ဌာနဆိုင်ရာများနှင့်အတူ အချိန်မီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေပေးဝေမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူ တောင်သူအစုအဖွဲ့များဖြင့် စိုက်ပျိုးရေကို စနစ်တကျ ရယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး လုပ်ငန်းဆိုင်ရာ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၏ ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြသည်။

**ရည်ရွယ်ဖွင့်လှစ်**

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် တိုးတက်လာသည့် IT နည်းပညာများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်၊ Computer ကို အခြေခံမှစ၍ တတ်ကျွမ်းသည်အထိ အဆင့်မြှင့်တင် လေ့လာသွားနိုင်ရန်၊ ဆန်းသစ်တီထွင်မှုများအတွက် တံခါးပေါက်ဖြစ်သည့် Computer စွမ်းဆောင်ရည်များကို နားလည်သဘောပေါက် အသုံးချတတ်စေရန်နှင့် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နည်းပြများ၏ အကူအညီဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ယခုသင်တန်းကို တက်ရောက်ကြသည့် ဝန်ထမ်းများအနေဖြင့် တန်ဖိုးထား၍အလေးအနက်ထား လေ့လာရန် လိုအပ်ကြောင်း၊ သင်တန်းတွင် သင်ကြားခဲ့သည့် ပညာရပ်များကိုလည်း လက်တွေ့ရုံးလုပ်ငန်းနှင့်ပေါင်းစပ်၍ ပိုမိုမြင့်မားအောင် လေ့လာကြစေလိုကြောင်း၊ အခြေခံကွန်ပျူတာသင်တန်းမှ အဆင့်မြင့်သင်တန်းများအထိ တိုးတက်ဖွင့်လှစ်သင်ကြားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ကိုဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁၁ ရက်အထိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ နည်းပြများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အေးသာယာစက်မှုဇုန်နှင့် ရှမ်းရိုးမမွေးမြူရေးဇုန်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီခွဲက တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ MSMEs အသေးစား၊ အလတ်စား၊ အငယ်စား ထုတ်ကုန်တစ်ခုဖြစ်သော ဒေသထွက်ကုန်ပစ္စည်းပြောင်းမှ စူပါဝင်း ကြက်အစာ၊ ဝက်အစာ ထုတ်လုပ်နေသည့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**လှည့်လည်ကြည့်ရှု**

ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြား၍ ကြက်အစာစပ်ရာတွင် အသုံးပြုမည့်ပစ္စည်းများနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် MSMEs အသေးစား၊အလတ်စား၊အငယ်စား ထုတ်ကုန်တစ်ခုဖြစ်သော A1 ပလတ်စတစ်ဘူးခွံစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက လိုက်လံရှင်းလင်းပြီး အဆိုပါစက်ရုံမှ ရေသန့်ဘူး၊ ဆီဘူး၊ အချိုရည်ဘူး ဆိုဒ်မျိုးစုံကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်ရှိ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမသို့ သွားရောက်၍ ဥစားကြက်မွေးမြူသူလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဒေါက်တာကောင်းမြတ်ဟိန်းက ရှမ်းရိုးမမွေးမြူရေးဇုန် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက ဥစားကြက်မွေးမြူရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို တင်ပြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပြန်လည်ဖြည့်စွက် ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဥစားကြက်မွေးမြူသူ ဦးစိုင်းလုံကြက်ခြံသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေး



**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သွင်းအားစုများထောက်ပံ့**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၁၀၀ စုပေါင်းခတ်မြေသြဇာကြဲပက်ခြင်းနှင့် တမန်းနှိုးခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

၎င်းနောက် ကန်ရိုးကျေးရွာ၌ ဦးနိုင်နိုင်ကျော်၏ တန်ဖိုးနည်းဒေသထွက်ကုန်ဖြစ်သော ရဲယိုသီး၊ ပျဉ်းမရွက်၊ ပဲပိုးတီ၊ ခနိဖူး၊ ရှဉ့်မတက်၊ ချဉ်ပေါင်ဖာလာ၊ ကြက်ဆူရွက်၊ ကြောင်လျှာသီးအစေ့၊ ပိန်းရိုး၊ ဝါးနီး စသည်တို့ကို အခြောက်ခံ၍ ပြည်ပနိုင်ငံများသို့ တိုက်ရိုက်တင်ပို့နေသည့် အလုပ်ရုံနှင့် ကောင်းစစ်သွေးငါးရှဉ့်ပွဲရုံများ၊ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက်ရှိ ကျော်ကြား ရေတုံကင်ထုတ်လုပ်ရေးနှင့် သွပ်ပြားအမျိုးမျိုး ထုတ်လုပ်ရေး အလုပ်ရုံများသို့လည်းကောင်း၊ ဝဲဝန်းကျေးရွာရှိ ဦးသန်းနိုင်၏ အသားစားနွား၊ နို့စားနွားနှင့် ဒေသနွား မွေးမြူထားရှိမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘိုင်းဒါးကျေးရွာ တောင်သူဦးဝင်းရွှေ၏ တစ်ကွင်းတစ်ဆက်တည်း အထွက်နှုန်းကောင်း မြေပဲ ဧက ၅၀ နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် ကုန်စိမ်းပွဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွန်ကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သည့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၅၀၀ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ရှင်းလင်းပြောကြားပြီး သွင်းအားစုများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❂ စာမျက်နှာ ၆ မှ

စိုက်ပျိုးရေမလုံလောက်မှု ပြဿနာကိုကြိုတင်မှန်းဆ၍ ဖြေရှင်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အပိုင်းမှ ကျခံဆောင်ရွက်ရသည့် လုပ်ငန်းများရှိသကဲ့သို့ ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ရေပေးမြောင်းနှင့် ရေယူအဆောက်အအုံများကို ဌာနဆိုင်ရာများနှင့်အတူ အချိန်မီပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေပေးဝေမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူတောင်သူအစုအဖွဲ့များဖြင့်စိုက်ပျိုးရေကိုစနစ်တကျ ရယူသုံးစွဲခြင်းတို့ကိုဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ တောင်သူအစုအဖွဲ့များအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထကောင်းများ ရရှိလာမည့်အပြင် စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် စီးပွားရေးတွက်ခြေကိုက်မည့်သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးလာနိုင်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း တောင်သူအသင်းအစုအဖွဲ့များအနေဖြင့် ဈေးကွက်ရှာဖွေရောင်းချနိုင်ခြင်းတို့ကို ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လယ်/ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား သိသာထင်ရှားစွာပြောင်းလဲတိုးတက်မှုများ ဖြစ်ထွန်းနိုင်စေရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် တောင်သူများ၏ စိုက်ပျိုးထုတ်ကုန်များ မြင့်မားတိုးတက်ရေးအတွက်လည်း ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုသောအားဖြင့် တင်ပြလိုက်ရပါသည်။ ။

# သုတေသနဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန သုတေသနဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးအပါအဝင် Social Science နယ်ပယ်တွင် သုတေသနများ လုပ်ဆောင်သည့်အခါ တွင်ကျယ်စွာအသုံးပြုနေသည့် statistical analysis software တစ်ခုဖြစ်သည့် R Software ကို လေ့ကျင့်သင်ယူရမည်ဖြစ်ကြောင်း။

ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် Education Management System (EMIS) ကိုလည်းအဓိကထား ဆောင်ရွက်နေသည့်အတွက် ရရှိလာသည့် စာရင်းအင်းအချက်အလက်များပေါ်မူတည်ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်သည့်လုပ်ငန်းများကို အထောက်အကူပေးလျက်ရှိပါကြောင်း၊ သုတေသနများ လုပ်ဆောင်ရာတွင် ရရှိလာသည့် စာရင်းအင်းအချက်အလက်များကို analysis လုပ်ရာတွင် နည်းစနစ်ကျမှန်ကန်စေရေးအတွက် ယခုလို Data Analysis ဆိုင်ရာ Statistical Tool တစ်ခုဖြစ်သည့် R Programming နှင့်စပ်လျဉ်းသည့် သုတေသနဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းကို စိတ်ပါဝင်စားစွာဖြင့် ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ယူကြစေလိုကြောင်း၊ ဆက်လက်ပြီး မိမိတို့၏စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်မြှင့်တင်နေကြရန်နှင့် တတ်မြောက်ထားသည့် အတတ်ပညာများဖြင့် ဦးစီးဌာန၏ လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် စွမ်းစွမ်းတမံဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက သုတေသနနည်းစနစ် (Research Methodology and R Software) ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချသည်။

အဆိုပါ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန သုတေသနဆိုင်ရာအရည်အသွေးမြှင့်သင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင်ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် MSMEs ထုတ်ကုန်များ ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် အသိပညာများဖြန့်ဝေနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံ-ဂျပန်စင်တာ၏ ဘဏ္ဍာနှစ် ၂၀၂၃ အစီအစဉ်အရ National Activities Project ၂၀၂၃ ကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ Aureum Palace Hotel & Resort ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆက်စပ် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင်ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပုဂံဒေသရှိ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) လုပ်ငန်းရှင်များက in person စနစ်ဖြင့် တက်ရောက်ကြပြီး အာဆီယံ - ဂျပန်စင်တာမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**စီမံကိန်းနှစ်ခုကို ရရှိထား**

ဦးစွာ ဒုတိယဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံ-ဂျပန်စင်တာမှ “MSME Development Work-shop မှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မိတ်ဖက်များ တည်ဆောက်ခြင်း”နှင့် “မြန်မာနိုင်ငံရှိ ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဝန်ထမ်းငယ်များ၏ အရည်အချင်းများမြှင့်တင်ခြင်း”တို့နှင့် စပ်လျဉ်းသော စီမံကိန်းနှစ်ခုကို ရရှိထားပါကြောင်း၊ ထိုစီမံကိန်းများကိုအစပြု၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ပြန်လည်အသက်သွင်းနိုင်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား MSMEs လုပ်ငန်းများအား နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပေးအပ်နိုင်ရန်နှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များကို မြှင့်တင်နိုင်ရန် ရည်ရွယ်ပါကြောင်း။

MSMEs လုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် တက်ကြွစွာပါဝင်ဆွေးနွေးပြီး အတွေ့အကြုံကောင်းများ မျှဝေကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံ- ဂျပန်စင်တာမှ Programme Director ဖြစ်သူ Mr. Chairat Liengkajornkiet က အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် MSMEs လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ လုပ်ငန်းစဉ်များ၊ ငွေကြေးနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများက ရှင်းလင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများက အဖွဲ့လိုက်ခွဲ၍ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ထို့နောက်ဒုတိယဝန်ကြီးသည် ပုဂံဟိုတယ်ဇုန် (၄) ရှိ ဟိုတယ်များကို လှည့်လည်ကြည့်ရှုကာ အရည်အသွေးရှိသော ဝန်ဆောင်မှုများ ပေးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ဟိုတယ်ဇုန်(၄) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်ဘီမြို့နယ်၌ အခြေခံဘောလုံးဒိုင်လူကြီးသင်တန်းဖွင့်ပွဲ ကျင်းပ

**မော်ဘီ ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကဦးစီး၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မော်ဘီမြို့နယ် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဘောလုံးဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မော်ဘီမြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းစိုးကအဖွင့်အမှာစကားပြောကြားပြီး မော်ဘီမြို့နယ်အားကစားအထောက်အကူပြုကော်မတီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးမင်းမောင်က အခြေခံဘောလုံးဒိုင်လူကြီးသင်တန်းဖွင့်လှစ်ရခြင်း၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခြေခံဘောလုံးဒိုင်လူကြီးသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ၃ ရက်အထိ ခုနစ်ရက်ကြာသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မော်ဘီ)**



# သံဖြူဇရပ်၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲ ကျင်းပ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဝေဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာ အသီးသီးမှ စေတနာ့ဝန်ထမ်းလူငယ် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တာ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗေဒါသီရိခန်းမ၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Mytel Co.,Ltd. တို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် ၂၂၅၀၀၀၀ တန်ဖိုးရှိ ကာပေါ်လစ်ဆပ်ပြာများအားလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၉၁၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအားလည်းကောင်း၊ Mytel Co.,Ltd. မှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၂၅၀၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအားလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗေဒါသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်၊ အလှူရှင်များတက်ရောက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ငူမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ အောင်မြင်ဇေယျာစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ အရေပြားရောဂါ၊ ခါးနာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၂၂ ပါးနှင့် ဒေသခံပြည်သူ ၁၈၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ အောင်မြင်ဇေယျာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဝန ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိကောင်းစရာ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက အောင်ဇမ္ဗူရပ်ကွက်လေသာဘုန်းကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူတို့က အင်တာနက်ပေါ်တွင် ပျံ့နှံ့နေသော သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သိရှိနိုင်စေရန် အသိပညာပေး ဟောပြောခြင်း၊ သတင်းမှားများ၊ ကောလာဟလများမယုံကြည်ကြစေရန်၊ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။ ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက် အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ခဲ့သည့် စစ်ဆေးရေးအရာရှိများအနေဖြင့် စစ်ဆေးရေးသွားရောက်ရာတွင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များ၌ အလုပ်သမားရေးရာစံနှုန်းများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စံနှုန်းသတ်မှတ်ချက်များ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးစည်းကြပ်၍ အလုပ်သမားများကို အကာအကွယ်ပေးရန်၊ အလုပ်ရှင်နှင့် အလုပ်သမားများကို အသိပညာပေးခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပဒေကြောင်းအရ အကြံဉာဏ်ပေးခြင်းတို့ ဆောင်ရွက်နိုင်ရန်နှင့် မိမိလုပ်ငန်းအပေါ် နိုင်ငံရေးအရဖြစ်စေ၊ ငွေကြေးအရဖြစ်စေ ပြင်ပမှ ဩဇာလွှမ်းမိုးမှုများကို မှီခိုနေရမှုမရှိဘဲ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ယခုသင်တန်းတက်ရောက်သည့် အရာထမ်းများသည် နောင်တစ်ချိန်တွင် ဌာနကို ဦးဆောင်ရမည့်သူများဖြစ်သည့်အတွက် သင်တန်းမှ အလေ့အကျင့်ကောင်း၊ အတွေ့အကြုံကောင်းများကို နမူနာယူပြီး ပြန်လည်အသုံးချရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေနှင့်အညီ ရှိရင်းဥပဒေများမှ ပြည့်စုံမှုမရှိသေးသော ဥပဒေ၏ ချို့ယွင်းချက်များ၊ ယိုပေါက်များကို အဆင့်ဆင့် သိရှိအောင်လေ့လာရမည့်အပြင် အသစ်ထွက်ရှိလာသည့် ဥပဒေများကို မိမိတို့အလုပ်သမားဥပဒေများနှင့် ဆက်နွှယ်မှု ရှိ၊ မရှိ မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် သင်တန်းတက်ရောက်ပြီးစီးမှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပုလင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း တစ်ကွင်းတစ်စပ်တည်း နွေစပါး ဧက ၁၀၀ စံပြကွက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း တစ်ကွင်းတစ်စပ်တည်း နွေစပါး ဧက ၁၀၀ စံပြကွက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



အဆိုပါ နွေစပါး ဧက ၁၀၀ စံပြကွက်၌ တစ်ဧကလျှင် တင်း ၁၃၀ မှ တင်း ၁၅၀ အထိ ထွက်ရှိနိုင်သည့် ဆာဖိုးသာ အထွက်ကောင်းစပါးမျိုးကို စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်စနစ်အနေဖြင့် ဧက ၉၀ တွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမည်ဖြစ်ကာ ပေါင်တင်ပျိုးထောင်စနစ်ဖြင့် ၁၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စုရှိ Good Brothers' Co.,Ltd. က လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မျိုးကောင်းမျိုးသန့် နွားမွေးမြူရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသခံတောင်သူများ၏ ဒေသနွားမျိုးများနှင့် ပြည်ပမှတင်သွင်းလာသည့် ဘာရာမင်နွားမျိုး နွားသိုးများ မျိုးစပ်၍ရရှိလာသော နွားမျိုးများကို တောင်သူများအား ငှားရမ်းခြင်း၊ မွေးဖက်ပေးခြင်း ဆောင်ရွက်နေမှုများ၊ နွားစာအတွက် စိုက်ပျိုးထားသော နေဗီယာမြက်စိုက်ကွင်း ရှစ်ဧကနှင့် နွေရာသီကာလတွင် နွားစာအဖြစ် ကျွေးမွေးနိုင်ရန် မြက်ချဉ်ဖတ်ပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးကဏ္ဍနှင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲများနှင့် နည်းပညာပေးသင်တန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်များအတွင်း ဘူမိဗေဒမြေအောက် တိုင်းထွာမှုများအရ ရေထုတ်ယူသုံးစွဲနိုင်မှု မိုးကောင်းသောက်ယာမြေများတွင် မြေအောက်ရေတွင်းတူးဖော်ပြီး စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအား တာဝန်ရှိသူများကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့ ကမ်းနီမြစ်ရေတင် ရေသောက်ဧရိယာတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ အသုံးပြု၍ နွေစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေအသုံးချသူများအဖွဲ့ဝင်(WUG) တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များကို အခြားတောင်သူများထံ လက်ဆင့်ကမ်းမျှဝေပေးရန်လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့ အမှတ်(၈) စက်မှုလယ်ယာစခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် တွေ့ဆုံ၍ စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများ အားကောင်းစေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

**လှိုင်လင် ဖေဖော်ဝါရီ ၂၆**

လှိုင်လင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစီအစဉ်ဖြင့်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လှိုင်လင်မြို့နယ် ဟွေတွေကျေးရွာမှ Bakery and Snack သင်တန်းတက်ရောက်ပြီးခဲ့သည့် လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား တစ်ဦးလျှင် ကျပ် ၁၀ သိန်းနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အလားတူ ကိုလိုနီကျေးရွာမှ လူသုံးကုန်သင်တန်း တက်ရောက်ပြီးခဲ့သည့် လုပ်ငန်းထူထောင်မည့်သူ ငါးဦး၊ ဟိုခိုက်ကျေးရွာမှ အမျိုးသမီးစက်ချုပ်သင်တန်း တက်ရောက်ပြီးသည့် လုပ်ငန်းထူထောင်သူ ငါးဦး၊ ခေါက်ဝိုးကျေးရွာမှ စားသောက်ကုန် ထုတ်လုပ်ရေး သင်တန်းတက်ရောက်ပြီးခဲ့သည့် လုပ်ငန်းထူထောင်မည့်သူ ငါးဦးနှင့် မိုက်ဟုန်းကျေးရွာမှ မော်တော်ဆိုင်ကယ်ပြင်သင်တန်း တက်ရောက်ပြီး လုပ်ငန်းထူထောင်မည့်သူ ငါးဦးတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# လယ်ယာကဏ္ဍစာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၆**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ လယ်ယာကဏ္ဍ စာရင်းအင်း အရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ Hotel KS အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးသွားမည်**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုရာတွင် လက်စွဲဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင် (စာရင်းအင်းဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း (ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ)၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အရာထမ်း/အမှုထမ်း ၇၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်များတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန နေပြည်တော် (ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်များ တွင် တာဝန်ထမ်းဆောင်နေသော လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူ စုစုပေါင်း ၁၁၅ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထု ကံတော်တွင် တည်ထားပူဇော် သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ် သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တည်ဆောက် ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင် များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ် ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့် ဖြင့် အောင်မြင်စွာ တည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်း ဆောင်ရွက်နေမှု၊ ခေတ်မီ စက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံ စေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနား ကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရ ဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင် ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) များနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင ပြေချောမွေ့စွာ လာရောက်ဖူးမြော် နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးမှုများနှင့် ရုပ်ပွားတော်မြတ် ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေး စိတ်ရှင်းလင်းပြောကြားပေးမှုများ အပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော် မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများ က အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူများ သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထား သည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနဝံ့ဗိမာန်တော် ကြီး၊ ကျောက်စာရုံစေတီတော် များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော် လေ့လာကြည်ညိုခဲ့ကြကာ အလှူ ငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွား



တော်မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) များနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကား သံများကို ယခုလိုကြားသိခဲ့ရပါ သည်–

၁။ မာရဝိဇယ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို အခုလိုမျိုး လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ကြောင့်မလို့ မြန်မာနိုင်ငံသူ နိုင်ငံ သားတစ်ယောက် အနေနဲ့ကော ဗုဒ္ဓဘာသာဝင်ပြည်သူတစ်ယောက် အနေနဲ့ပါ များစွာကြည်နူး ပီတိဖြစ်မိပါတယ်ရှင့်။ ကမ္ဘာ့ အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို မြန်မာနိုင်ငံသား အင်ဂျင်နီယာတွေနဲ့ တည်ထား ကိုးကွယ်နိုင်ခဲ့တာဖြစ်တဲ့အတွက် ကြောင့်မလို့ ကျွန်မကိုယ်တိုင်က လည်း အင်ဂျင်နီယာတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့်မလို့ အခု လိုမျိုး ပြည်ပအကူအညီမပါဘဲနဲ့ ကိုယ့်ရဲ့နိုင်ငံသူ နိုင်ငံသားအင်ဂျင် နီယာတွေနဲ့ တည်ထားကိုးကွယ် နိုင်တာဖြစ်တဲ့ အတွက်ကြောင့် များစွာ ဂုဏ်ယူမိပါတယ်ရှင့်။

ဒီရုပ်ပွားတော် မြတ်ကြီးကို တည်တံ့ ခိုင်မြဲဖို့အတွက်ဆိုရင် မြန်မာပြည်သူ ပြည်သားတွေ အနေနဲ့လည်း ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို အားလုံး လေးစားလိုက်နာပြီး







တော့ စုပေါင်းညီညာစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားမယ် ဆိုလို့ရှိရင် ကမ္ဘာတည်သရွေ့ ဗုဒ္ဓ သာသနာထွန်းကားနေမှာ ဖြစ်ပါ တယ်လို့ ပြောကြားလိုပါတယ်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါ တယ်ဗျာ။ ဒီမှာရှိတဲ့ ကျောက်စာ တိုင်တွေကိုလည်း ဖတ်ရှုမှတ်သား ရတဲ့အတွက် အသိဉာဏ်ဗဟုသုတ လည်းရရှိသလို ဂုဏ်ယူဝမ်းသာ မိပါတယ်ခင်ဗျာ။ ဒီမာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမြော်ဖို့အတွက် ပို့ဆောင်ပေးတဲ့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီး ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီကို လာရောက် ဖူးမြော်ဖို့အတွက် ပို့ဆောင်ပေးတဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကိုလည်း ကျေးဇူး တင်ကြောင်း ပြောကြားလိုပါ တယ်။

၃။ ကျွန်မတို့ဆိုရင် နယ်မှာ တာဝန် ထမ်းဆောင်တာပေါ့။ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာ ဆိုရင် ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကိုဆိုရင် ကျွန်မတို့ ဒီနေပြည်တော်ရောက်မှ ဖူးရတာ ဖြစ်ပါတယ်။ အထူးအစီအစဉ် အနေနဲ့ ကျွန်မတို့ကို စီစဉ်ပေးတဲ့ ကျွန်မတို့ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနဲ့တကွ ကျွန်မတို့ ဌာနအကြီးအမှူးတွေ အားလုံး၊ ဘုရားကြီးကိုတည်ထား ကိုးကွယ်ပေးတဲ့ ဦးဆောင်ဘုရား ဒါယကာကြီးကိုလည်း အထူး ကျေးဇူးတင်ရှိပါတယ်ရှင့်။ ပန်း ဆယ်မျိုးဖြစ်တဲ့ ပန်းချီ၊ ပန်းပု စတဲ့ လက်ရာတွေပါတယ်။ ပြီးတော့ မြန်မာမှု၊ မြန်မာ့ဟန် တွေပါတယ်။ မြန်မာအင်ဂျင်နီယာ တွေရဲ့ စွမ်းဆောင်မှုတွေလည်း ပါတယ်။ အဲဒီအတွက်လည်း ကျွန်မတို့ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ကော မြန်မာ အင်ဂျင်နီယာတစ်ယောက်အနေ နဲ့ပါ ပြီးတော့ မြန်မာနိုင်ငံသား တစ်ယောက် အနေနဲ့ကော ဝမ်းသာကြည်နူး ပီတိဖြစ်မိပါ တယ်ရှင့်။

သတင်းစဉ်

## တပ်ကုန်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ အသိပညာပေး ရှင်းလင်း

**တပ်ကုန်း ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ အသိ ပညာပေးရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းက ကင်းသာကျေးရွာ အုပ်စု စိုက်ပျိုးစီးပွားအသိပညာ ပေးစင်တာ(KC)ခန်းမ၌ ကျင်းပ သည်။

အဆိုပါ အသိပညာပေး ရှင်းလင်းရာတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ ထွေးက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ နှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ အပိုင်းအခြား၊ စစ်မှုထမ်းဆောင် ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှု ထမ်းဆောင်ခြင်းမှ ယာယီ ရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့ စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျသင့်မည့် ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်း တို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှု ထမ်းဥပဒေများနှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပြောကြား ပြီးကောလာဟလလုပ်ကြံသတင်း



များ မယုံကြရန် ဆွေးနွေးမှာကြား သည်။

တပ်ကုန်းမြို့နယ်တွင် ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာ ပေးရှင်းလင်းခြင်းကို ကျေးရွာ အုပ်စုပေါင်း ၁၉ အုပ်စုနှင့် ရပ်ကွက် ခြောက်ရပ်ကွက်တို့ တွင် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ် ကြောင်း သိရသည်။

တင်စိုးလွင်

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၌ မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ကို ယနေ့နံနက် ၁၀ နာရီက သပိတ်ကျင်းမြို့ (မြို့မ)ရဲစခန်း၌ ဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးက မီးလောင်မှုပုံစံအမျိုးအစားများ၊ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ အရေးပေါ် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများ လက်တွေ့အသုံးပြုခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက် ကြသည်။

ထိုသို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်၊ မြို့မ စခန်းမှူး ဒုတိယရဲမှူး ရန်နိုင်မင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ၂၀၀၀၀ ကျပ်တန် ငွေကျပ်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ထုတ်လွှင့်နေမှု၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကလေးမြို့တက္ကသိုလ်အား ဝင်ရောက်၍ ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အကြမ်းဖက်ဖမ်းဆီးခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ယခင်တစ်ပတ်ကတည်းကအတိုင်း လူမှုကွန်ရက်စာမျက်နှာတွေ၊ အင်တာနက်ဝက်ဘ်ဆိုက်တွေပေါ်မှာ ငွေကျပ် ၂၀၀၀၀ တန် ငွေစက္ကူတွေ ထွက်ရှိမယ်ဆိုပြီးတော့ မဟုတ်မမှန် သတင်းတု သတင်းအမှားတွေ ဆက်တိုက်ထုတ်လွှင့်နေခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ယခင်ကလည်း မီဘပြည်သူတွေသိအောင် ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီ ၂၀၀၀၀ တန် ငွေစက္ကူကို ၂၀၂၃ ခုနှစ် ဇူလိုင်လထဲမှာ အထိမ်းအမှတ်နဲ့ ထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော့်အနေနဲ့ အထိမ်းအမှတ်နဲ့ ထုတ်တဲ့ငွေစက္ကူသာဖြစ်တယ်။ အများပြည်သူတွေ အထိမ်းအမှတ်နဲ့ သိမ်းဆည်းနိုင်အောင်လို့ ဟောင်းနွမ်းငွေစက္ကူတွေနဲ့ပဲ အကန့်အသတ်နဲ့ လဲလှယ်ပေးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ သို့သော် ဒီအချိန်မှာ ကျွန်တော် မနေ့ကပြောခဲ့တဲ့အတိုင်း ကောလာဟလ သတင်းတွေများပြားနေတဲ့အချိန်မှာ အချိန်ကိုက်ဒါကို ငွေရေးကြေးရေးဈေးကွက် မတည်မငြိမ်ဖြစ်အောင်၊ ဘဏ်တွေနဲ့ ကိစ္စတွေ မတည်မငြိမ်ဖြစ်အောင် ရည်ရွယ်ပြီး ထုတ်လွှင့်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီသတင်းသည် မဟုတ်မမှန်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း သတင်းထုတ်ပြန်ချက် ထပ်မံထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မလို့နိုင်ငံခြားသုံးငွေနဲ့ ပတ်သက်ပြီးလည်း နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲရေး စည်းမျဉ်းများ ရှိပြီးဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ငွေရေးကြေးရေး ဈေးကွက်ကစားလိုမှု ကျွန်တော် ယခင်ပြောခဲ့သလို ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မတည်မငြိမ်ဖြစ်အောင် ကောလာဟလ ထုတ်လွှင့်နေမှုများကို သတိထားသင့်ကြောင်း အသိပေးတင်ပြလိုပါတယ်။

နောက်တစ်ခုက ဒီနေ့မနက် ၇ နာရီခွဲလောက်မှာ PDF အမည်ခံ အကြမ်းဖက်အင်အား ၁၀၀ ကျော်လောက်က ကလေးတက္ကသိုလ်ထဲကို ဝင်ရောက်ပြီး စာသင်ဆောင်တွေမှာရှိတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ရုံးဝန်ထမ်းတွေ ဖမ်းဆီးထားတယ်ဆိုပြီး တာဝန်သိပြည်သူတွေ အသိပေးလာတဲ့အတွက် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ကယ်ဆယ်ခဲ့ရပါတယ်။ ဒီအကြမ်းဖက်သမားတွေနဲ့ ထိတွေ့




တိုက်ခိုက်မှုဖြစ်ပွားပြီး တက္ကသိုလ်ရဲ့ အရှေ့ဘက်ကို အကြမ်းဖက်သမားတွေ ပြန်လည် ဆုတ်ခွာသွားပါတယ်။ ဒီဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ရုံးဝန်ထမ်း စုစုပေါင်း ၂၈၅ ဦးကို အချိန်မီ ပြန်လည် ကယ်ဆယ်နိုင်ခဲ့ပါတယ်။ ကျန်တဲ့သူတွေကိုလည်း ကျွန်တော်တို့အနေနဲ့ လိုက်လံစုံစမ်းဆဲဖြစ်ပါတယ်။ ဒါသူတို့ရဲ့ ဖမ်းဆီးခေါ်ဆောင်သွားရင်လဲ လွတ်မြောက်နိုင်အောင် ကျွန်တော်တို့ အစွမ်းကုန် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း လွိုင်ကော်တက္ကသိုလ်မှာ ဒီလိုဖြစ်စဉ်မျိုးဖြစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ NUG၊ CRPH ဦးဆောင်နေတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဒီအဖွဲ့တွေသည် စစ်ရေးနဲ့ မဆိုင်တဲ့ အရပ်သားတွေကို ခြိမ်းခြောက်တာတွေ၊ နိုင်ငံတော်ရဲ့ အနာဂတ်ဖြစ်တဲ့ ပညာရေးနဲ့ ပတ်သက်ပြီး အဓိကအနှောင့်အယှက်ပေးတာတွေ၊ ခြိမ်းခြောက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကကတော့ ဒါတွေနဲ့ ပတ်သက်ပြီး ဒီလိုဖြစ်စဉ်မျိုး ဖြစ်ပွားတိုင်းမှာလည်း ယခင်က ကျွန်တော်တို့ အရပ်သားတွေကို တိုက်ခိုက်နေပါတယ်ဆိုတဲ့ စွပ်စွဲချက်မျိုးတွေ၊ အရပ်သားအယောင်ဆောင်ပြီး အရပ်ဝတ်ပြီးလှုပ်ရှားနေတဲ့ သောင်းကျန်းသူတွေကိုချေမှုန်းရင် အရပ်သားပြည်သူတွေပါဆိုတဲ့လုပ်နေကျ ပြည်ဖျက်မီဒီယာတွေ မြန်မာနိုင်ငံပေါ်မှာ အစဉ်တစိုက်အမြဲတမ်းတိုက်ခိုက်လာတဲ့ နိုင်ငံတွေအနေနဲ့ ရေငုံနှုတ်ပိတ်နေတာ မဆန်းပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီးလည်း ရေငုံနှုတ်ပိတ်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ သူတို့ရဲ့ ရည်ရွယ်ချက် မြန်မာပြည်ကို ပျက်စီးသထက်ပျက်စီးအောင်လုပ်လိုတဲ့ ရည်ရွယ်ချက်တွေကို သိရမှာဖြစ်ပါတယ်။ တိုင်းပြည်အနာဂတ်၊ ကလေးသူငယ်တွေရဲ့အနာဂတ် ပညာတတ်တွေမရှိဘဲ နလပိန်းတုန်းဖြစ်အောင် လုပ်နေတဲ့ ရည်ရွယ်ချက်တွေကို ကျွန်တော်တို့သိရှိပြီး ပြည်သူလူထုတစ်ရပ်လုံး၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်ရမှာ ဖြစ်ပါတယ်။ လာရောက်တိုက်ခိုက်တဲ့လူတွေရဲ့၊ PDF တွေရဲ့ အလောင်း၊ လက်နက်အချို့ ရရှိခဲ့ပါတယ်။ ဒီထဲမှာ အချို့ယူနီဖောင်းတွေမှာ ဆိုလို့ရှိရင် CNA တံဆိပ် CHIN NATIONAL ARMY ဆိုတဲ့ တံဆိပ်မျိုးတွေလည်း ပါရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်တွေကို ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆန့်ကျင်ကြပါလို့ ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



## မိတ္ထီလာမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မိတ္ထီလာ ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာ့စီးပွားရေးဘဏ် (မိတ္ထီလာ)သို့ အငြိမ်းစားပင်စင်လစာ လာရောက်ထုတ်ယူကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက် ၉ နာရီက မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အထွေထွေရောဂါများ စမ်းသပ်ကုသပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer ထိုးနှံပေးခြင်းကို မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## မွန်ပြည်နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နှီးနှောဖလှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် နှီးနှောဖလှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး/ကူးစက်/သဘာဝဘေး) ဒေါက်တာ ဝင်းပပဋ္ဌေးက ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ လေပြင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ပန်းတောင်း ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် လေပြင်းဘေးအန္တရာယ်ကျရောက်ပျက်စီးနိုင်သော တလုပ္ပင်ကျေးရွာအုပ်စုမှ နေအိမ် ၃၀၀ အတွက် အမိုးအကာများ အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် တလုပ္ပင်ကျေးရွာအုပ်စု၊ တုံကင်းကျေးရွာအုပ်စုနှင့် ထောက်ကြန့်ကုန်းကျေးရွာအုပ်စုတို့မှ အမိုးအကာများ အားဖြည့်ပြင်ဆင်ရန်လိုအပ်သော အိမ်ခြေ ၅၀၀ အား အိမ်ဆောက်ပစ္စည်းများဖြစ်သည့် ထရံ၊ ဝါးနှင့် သွပ်နန်းကြိုးများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၃၀၀၀ နှုန်းထောက်ပံ့ပေးအပ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ၎င်းနေအိမ်များအား ပန်းတောင်းမြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေခိုင်ဆက်နှင့် ဝန်ထမ်းများ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊



ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာရှိ စေတနာ့ဝန်ထမ်းလူငယ်များက လေပြင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ပြင်ဆင်ရေးလုပ်ငန်းများဖြစ်သော လေဘေးဒဏ်ခံနိုင်ရည်ရှိသည့် လူနေအိမ်များဖြစ်စေရေးအတွက် နေအိမ်များပြုပြင်ပေးခြင်း၊ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ လပြည့်လင်း(ပြန်/ဆက်)

## ဥတုရာသီ တောကိုမှီ၏

# ယခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု ၂ ဒသမ ၅ သန်းကျော်ရှိနိုင်

**ကိုလံဘို ဖေဖော်ဝါရီ ၂၆**

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုသည် ယခုနှစ်အတွင်း သမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်အဖြစ် ၂ ဒသမ ၅ သန်းကျော်သွားနိုင်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံအတွင်းသို့ ခရီးသွားတစ်သိန်းကျော်သာ ဝင်ရောက်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုနှုန်းသည် ဖေဖော်ဝါရီလတွင် ပိုမိုသိသာထင်ရှားစွာ မြင့်တက်လာခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာလှည့်ခရီးသွား ၁၀၇၆၃၉ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၈ ရက်အတွင်း ၁၃၈၇၃၆ ဦး ဝင်ရောက်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံ၌ လက်ရှိတွင် စီးပွားရေးအကျပ်အတည်းများတည်ငြိမ်နေပြီး ပြန်လည်ကောင်းမွန်လာမည့် လက္ခဏာများ ပြသနေကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ပြောကြားခဲ့သည်။**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




# တူကီယဲလ်နိုင်ငံအရှေ့ပိုင်း Elazig ပြည်နယ်တွင် ခရိုမိုက်သတ္တုတွင်းပြိုကျမှုကြောင့် ပိတ်မိနေသော အလုပ်သမားအားလုံးကို ကယ်ဆယ်နိုင်ခဲ့

**အန်ကာရာ ဖေဖော်ဝါရီ ၂၆**

တူကီယဲလ်နိုင်ငံအရှေ့ပိုင်း Elazig ပြည်နယ်တွင် ခရိုမိုက်သတ္တုတွင်းပြိုကျမှုကြောင့် ပိတ်မိနေသောအလုပ်သမားအားလုံးကို ရှာဖွေရေးအဖွဲ့များက ကယ်ဆယ်နိုင်ခဲ့ကြောင်း တူကီယဲလ်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ပါလူခရိုင်တွင် ၎င်းမိုင်းပြိုကျမှုဖြစ်ပွားပြီးနောက် မြေအောက်တွင် ပိတ်မိနေသော အလုပ်သမားလေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ် ဝန်ကြီးဌာနက ဆိုရှယ်မီဒီယာ အိစ်တွင် ပြောကြားသည်။

တူကီယဲလ်တာဝန်ရှိသူများက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း Elazig ပြည်နယ်အုပ်ချုပ်ရေးမှူး Omer Toramar က မှတ်ချက်ပြုပြောကြားသည်။

ဖေဖော်ဝါရီ ၁၃ ရက်က နိုင်ငံအရှေ့ပိုင်း Erzincan ပြည်နယ်ရှိ ရွှေတွင်းတစ်ခုတွင် မြေပြိုကျမှုကြောင့် လုပ်သားကိုးဦး မြေအောက်၌ ပိတ်မိသောဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**



# အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသတွင် ထိုးစစ်အရှိန်မြှင့်တင်မည်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၆**

အစ္စရေးတပ်ဖွဲ့သည် ဂါဇာဒေသတွင် ထိုးစစ်အရှိန်မြှင့်တင်မည့်အစီအစဉ်နှင့် ဂါဇာတောင်ပိုင်း ရာဖာမြို့ရှိ အရပ်သားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမည့်အစီအစဉ်တို့ကို ဝန်ကြီးအဖွဲ့အား တင်ပြခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ရုံးက ယနေ့ပြောကြားသည်။

လူဦးရေ တစ်သန်းကျော် ခိုလှုံနေရသည့်ရာဖာဒေသတွင် မြေပြင်စစ်ဆင်ရေးမလုပ်ဆောင်ရန် နိုင်ငံတကာက အစ္စရေးကို တောင်းဆိုထားခဲ့သော်လည်း ယခုကြေညာချက် ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။


**တိုက်ရိုက်ဝင်ရောက်ရန်အမိန့်**

စားနပ်ရိက္ခာတင်ဆောင်လာသည့် ကုန်တင်ယာဉ်များကို အရပ်သားများ လုယက်ခံရခြင်းမှ ကာကွယ်ရန်ရည်ရွယ်၍ ဂါဇာမြောက်ပိုင်းသို့ တိုက်ရိုက်ဝင်ရောက်ရန်အမိန့်ကို အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

လက်ရှိတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေး ကုန်တင်ယာဉ်များသည် တောင်ပိုင်းနယ်နိမိတ်အတွင်းရှိ ဖြတ်လမ်းမှတစ်ဆင့် ဂါဇာဒေသသို့ ဝင်ရောက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်ဒေသရှိ လူဦးရေတစ်သန်းခွဲကျော်သည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**



# ဗီယက်နမ်၏ ပင်လယ်စာတင်ပို့မှု ဇန်နဝါရီလတွင် ၆၄ ရာခိုင်နှုန်း တိုးတက်ခဲ့

**ဟန္နိုင်း ဖေဖော်ဝါရီ ၂၆**

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ယခုနှစ်ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၇၅၀ နီးပါးရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆၄ ရာခိုင်နှုန်း တိုးလာကြောင်း ဒေသတွင်းမီဒီယာ VnExpress က ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းဖော်ပြသည်။



ဗီယက်နမ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်လက တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သို့ ပင်လယ်စာတင်ပို့မှုသည် သိသိသာသာတိုးလာကြောင်း ဖော်ပြထားသည်။

တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်သည် ဂျပန်နိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ပင်လယ်စာတင်ပို့သောဈေးကွက်ဖြစ်ကြောင်းလည်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ပင်လယ်စာတင်ပို့မှု ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံမှ ၁၀ ဘီလီယံအထိ မျှော်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်လမ်းညွှန်မြေပုံ စတင်ဖွင့်လှစ်

**တိုကျို ဖေဖော်ဝါရီ ၂၆**

ဂျပန်နိုင်ငံမြို့တော် တိုကျို၏ညအလှများကို အရောင်အသွေးစုံလင်စွာ ရုပ်လုံးရုပ်ကြွများဖြင့် ပုံဖော်ပေးမည့် ကမ္ဘာ့အကြီးဆုံးဒစ်ဂျစ်တယ် လမ်းညွှန်မြေပုံကို တိုကျိုမြို့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်မြေပုံတွင် တိုကျိုဒေသန္တရအစိုးရအဖွဲ့ရုံးအဆောက်အအုံအား နောက်ခံပြု၍ ပြသထားသည်။ အဆိုပါဒစ်ဂျစ်တယ်မြေပုံသည် ဂျပန်နိုင်ငံယဉ်ကျေးမှု၊ ရေမြေသဘာဝနှင့် ခရီးသွားလာလည်ပတ်ရန်နေရာများကို ပြသထားမည်ဖြစ်ပြီး အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ ၁၄၀၀၀ ရှိမည်ဖြစ်သည်။

ယင်းဒစ်ဂျစ်တယ်မြေပုံတည်ရှိရာနေရာကို ခရီးသွားဆွဲဆောင်မှုနေရာ အသစ်တစ်ခု ဖြစ်လာရေးအတွက် မျှော်လင့်ကြောင်း တိုကျိုအုပ်ချုပ်ရေးမှူး ကိုကီယူရီကိုက ဖွင့်ပွဲအခမ်းအနားတွင် မှတ်ချက်ပြုပြောကြားသည်။

၎င်းဒစ်ဂျစ်တယ်မြေပုံကို ကမ္ဘာ့အကြီးဆုံး အမြဲတမ်းဗိသုကာပုံပြမြေပုံပြပွဲကြီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းက အသိအမှတ်ပြုထားသည်။ အဆိုပါမြေပုံကို ညစဉ် ၇ နာရီတွင် စတင်ပြသမည်ဖြစ်ကာ လက်ရှိအချိန်တွင် တစ်ညလျှင် ငါးကြိမ်ပြသမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# PDF အမည်ခံအကြမ်းဖက်သမားများက ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ


**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ဆင်ခြင်တုံတရားမဲ့စွာဖြင့် နည်းမျိုးစုံအသုံးပြုလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် အကြမ်းဖက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်သို့ ယနေ့ နံနက် ၇ နာရီခွဲတွင် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၁၃၀ ခန့်က ကလေးတက္ကသိုလ် အတွင်းသို့ တောင်ဘက်မှ ဝင်ရောက်၍ ရူပဗေဒနှင့် သတ္တဗေဒစာသင်ဆောင်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားရှိကြောင်း တာဝန်သိဝန်ထမ်းများ၏ သတင်းပေးပို့မှုအရ သိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ကယ်ဆယ်ခဲ့ရာ PDF အကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး တက္ကသိုလ်၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားရာ ကလေးတက္ကသိုလ် အတွင်းရှိ စာသင်ဆောင်များမှ ဖမ်းဆီးခံထားရသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်း စုစုပေါင်း၂၈၅ဦးအား တပ်မတော် စစ်ကြောင်းက အချိန်မီပြန်လည် ကယ်ဆယ် နိုင်ခဲ့သော်လည်း အကြမ်းဖက်သမားများအနေဖြင့် အချို့သော ဝန်ထမ်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ(စိစစ်ဆဲ) တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်မှုမရှိဘဲ PDF အမည်ခံအကြမ်းဖက်သမားများထံမှ အလောင်းအချို့၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အင်အား(စိစစ်ဆဲ)ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံး ပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား PDF အကြမ်းဖက်သမားများက လာရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ။




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ ရရှိသည့် ဆက်စပ်ပစ္စည်းကိုတွေ့ရစဉ်။





စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အလောင်းများနှင့် လက်နက်များအား တွေ့ရစဉ်။

# သာယာဝတီထောင်၌ ရာဇဝတ်အကျဉ်းသားက နိုင်ကျဉ်းလူငယ်တချို့ကို လိင်တူချင်း အဓမ္မပြုရန် ကြိုးပမ်းဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သာယာဝတီထောင်၌ ရာဇဝတ်အကျဉ်းသားက နိုင်ကျဉ်းလူငယ်တချို့ကို လိင်တူချင်း အဓမ္မပြုရန် ကြိုးပမ်းဟူသော ခေါင်းစဉ်ဖြင့် DVB TV News အမည်ခံ Facebook Page က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

DVB TV News အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံရေးသားရာတွင် သာယာဝတီအကျဉ်းထောင်တွင် သေဒဏ်အကျဉ်းသားများအား အခန်းလူကြီးအဖြစ် အကျဉ်းသားအချင်းချင်း ထိန်းကျောင်းရန် တာဝန်ပေးကြောင်း၊ သေဒဏ်ချမှတ်ခံရပြီး ဓားပြမှုနှင့် အိုးဘိုထောင်က ပြောင်းလာသူ ပြူးကြီးဆိုသူက LGBT ဘက်ကို တိမ်းညွတ်သူ နိုင်ငံရေးအကျဉ်းသား လူငယ်တစ်ယောက်ကို လိင်ပိုင်းဆိုင်ရာ စော်ကားရန်အားထုတ်ခဲ့ကြောင်း၊ နိုင်ငံရေးအကျဉ်းသားလူငယ်က လက်မခံသည့်အတွက် ကျောက်ခဲအိတ်ဖြင့် ထုရိုက်မှုကြောင့် ခေါင်းကွဲပြီး ကိုးချက်အထိ ချုပ်လိုက်ရကြောင်း ဖော်ပြထားသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် သာယာဝတီအကျဉ်းထောင်၌ သေဒဏ်အကျဉ်းသားများအား အကျဉ်းထောင်နည်းဥပဒေ အပိုဒ် ၄၁၇ အရ မည်သည့်အကျဉ်းသားများနှင့်မှ မရောဘဲ သီးခြားတိုက်တွင်သာ ထားရှိကြောင်း၊ သေဒဏ်ချမှတ်ခံရသူများအား အခန်းလူကြီးအဖြစ် အကျဉ်းသားအချင်းချင်း ထိန်းကျောင်းရန် တာဝန်ပေးထားသည်ဆိုသည်မှာ မဟုတ်ကြောင်း သာယာဝတီထောင်မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းတွင် သီးသန့်တိုက်ရှိ မင်းနိုင်ဝင်း(ခ) ပြူးကြီးသည် အတူနေသူ နှစ်ဦးအား "ညီလေးတို့ အဆင်ပြေကြလား" ဟု မေးကြောင်း၊ ပြည့်စုံအောင်က "အဆင်ပြေသည်" ဟု ပြန်ပြောကြောင်း၊ ရဲရင့်ကိုက "အစ်ကို အဆင်မပြေတာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ"ဟု ပြန်ပြောကြောင်း၊ မင်းနိုင်ဝင်း(ခ)ပြူးကြီးက "အဲဒါဆိုလဲ ပြောတာပေါ့" ဟု ဆိုကာ ပုံစံပုဆိုးထဲ၌ အုတ်ခဲအပိုင်းအစများ ထည့်ထားသော အထုတ်ငယ်ဖြင့် ရဲရင့်ကိုအား လွှဲ၍ ရိုက်နှက်ကြောင်း၊ ရဲရင့်ကို အရိုက်ခံရသဖြင့် အတူနေ အကျဉ်းသား ပြည့်စုံအောင်က ဝင်ရောက်ဖြန်ဖြေခဲ့ရာ ဘယ်ဘက်ပခုံးကို တစ်ချက်ရိုက်မိခဲ့ကြောင်း၊ ရဲရင့်ကိုသည် ဘယ်ဘက်နဖူး တစ်ချက် ရိုက်မိရာ တာဝန်ကျ ဝန်ထမ်းများ ရောက်ရှိလာမှ ရန်ပွဲပြီးဆုံးခဲ့ကြောင်း အကျဉ်းထောင် တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

အကျဉ်းသား မင်းနိုင်ဝင်း(ခ) ပြူးကြီးသည် မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြစ်မှုမကြာခဏ ကျူးလွန်တတ်သဖြင့် တိုက်ခန်း၌ သီးသန့်ထားရှိသူ ဖြစ်သည့်အပြင် အခန်း လူကြီး/ စည်းကမ်းထိန်း အကျဉ်းသားအဖြစ် ခန့်ထားသူ မဟုတ်ကြောင်း၊ ယင်းတို့ကို ထားရှိရာ တိုက်ခန်း၌ အကျဉ်းသား သုံးဦးထားရှိသဖြင့် လိင်တူချင်း အဓမ္မပြုကျင့်ရန် ဆောင်ရွက်၍မရကြောင်း၊ တိုက်ခန်း အတွင်းရှိ အကျဉ်းသားများနှင့် ကပ်လျက်အခန်းမှ အကျဉ်းသားများ၏ ထွက်ဆိုချက်များအရ အကျဉ်းသား မင်းနိုင်ဝင်း (ခ)ပြူးကြီးသည် ညဘက်၌ အသံကျယ်လောင်စွာ ဘုရားရှိခိုးသည့်အပြင် အိပ်စက်သည့် အခါတွင်လည်း ဟောက်တတ်သဖြင့် အကျဉ်းသား ရဲရင့်ကိုနှင့် မကြာခဏ စကားများလေ့ရှိကြောင်း၊ အကျဉ်းသား မင်းနိုင်ဝင်း (ခ) ပြူးကြီး ညဘက်အိပ်၍ ဟောက်သည့်အချိန်တွင် အကျဉ်းသား ရဲရင့်ကိုမှ အိပ်မရသဖြင့် လက်တို့ပြီး မကြာခဏ နှိုးသည်ကို ရန်ငြိုးထားကာ ရန်ဖြစ်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ အကျဉ်းသား မင်းနိုင်ဝင်း(ခ) ပြူးကြီးအား အကျဉ်းထောင် အက်ဥပဒေပုဒ်မ ၄၅၊ အပိုဒ်ခွဲ ၂ အရ တိုက်ပိတ်ပြစ်ဒဏ် ၁၄ ရက် ချမှတ်ခဲ့ကြောင်း၊ နောင်တွင် ဆက်လက်မဖြစ်ပွားစေရေးအတွက် အတူနေ အကျဉ်းသား နှစ်ဦးအား အခြား တိုက်ဝင်းသို့ ပြောင်းရွှေ့ပေးပြီးဖြစ်ကြောင်း၊ ထပ်မံမဖြစ်ပွားစေရန်အတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရှိရသည့်အတွက် DVB TV News အမည်ခံ Facebook Page တွင် ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

**သောင်းမြင့်**

# သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် ပလတ်စတစ်အမှိုက်အန္တရာယ်

ဝင်းထွဋ်ဦး



သွားနေကျလမ်းဖြစ်ပေမယ့် သတိမထားခဲ့တာဘဲဖြစ်ပါလိမ့်မယ်။ ရန်ကုန်ဘက်ကမ်းကို ကူးသွားတိုင်းမကြည့်ဖြစ်ခဲ့ပါ။ ဒီတစ်ကြိမ်မှာတော့ ဟိုကြည့်ဒီကြည့်နဲ့ တွေ့လိုက်ရတဲ့မြင်ကွင်းပါပဲ။ ဒလဘက်ကမ်း ဆိပ်ခံဇောတံတားအနီးအနား ရန်ကုန်မြစ်ကမ်းဘေးမှာ ရေအတက်နဲ့မျောလာပြီး ရေကျမှာ တင်ကျန်ရစ်ခဲ့တဲ့ အမှိုက်တွေပါပဲ။ အမှိုက်တွေမှမျိုးစုံပါ။ အဝတ်စုတ်၊ သစ်ရွက်၊ ကော်ဘူးတွေ၊ ပလတ်စတစ်အိတ်စုတ်တွေနဲ့ မြင်မကောင်းအောင်ကို ဖြစ်လို့နေပါတယ်။ ဒီအထဲမှာမှ အအေးဘူး၊ ရေသန့်ဘူးအရွယ်စုံ၊ တစ်ခါသုံးကော်ဘူး (ဖော့ဘူး၊ ဖော့ခွက်)နဲ့ ပလတ်စတစ်အိတ်ခွံတွေ၊ ကြွပ်ကြွပ်အိတ်စုတ်တွေဟာ အဆိုးဆုံးဖြစ်နေတာပါ။

**ကြွပ်ကြွပ်အိတ်ဟာ ဂျယ်လီငါးနဲ့အလွန်တူ**

ပလတ်စတစ်အမှိုက်တွေဟာ စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်၊ ဝါး စတဲ့ အော်ဂဲနစ်ပစ္စည်းအမှိုက်တွေလို မြေကြီးမှာ ရောနှောမြေဩဇာဖြစ်သွားတာမျိုး မရှိဘူး၊ ဆွေးမြည့်ကွယ်ပျောက်တာမျိုးလည်း မရှိဘဲ နှစ်ပေါင်းများစွာကို မပျက်မစီးတည်မြဲနေပါတယ်။ ဒါ့အပြင် ပလတ်စတစ်တွေဟာ မြေကြီးထဲ၊ ရေထဲမှာဆိုရင်လည်း ရေထဲက ဓာတ်တွေနဲ့ ဓာတုဗေဒတုံ့ပြန်မှုဖြစ်ပြီး ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ ဓာတုဒြပ်ပေါင်းတွေ အတော်များများကို ထွက်ရှိလာပါတယ်။ ရေထဲကထွက်လာတဲ့ ဓာတုဓာတ်တွေကြောင့် ရေနေသတ္တဝါတွေသေဆုံးကာ ဂေဟစနစ်ပျက်စီးထိခိုက်စေပါတယ်။ ပလတ်စတစ်အမှိုက်တွေထဲက တစ်ခုဖြစ်တဲ့ ကြွပ်ကြွပ်အိတ်ဟာ ဂျယ်လီငါးနဲ့ အလွန်တူတာကြောင့် ပင်လယ်လိပ်တွေဟာ ၎င်းတို့ရဲ့ အစာနဲ့အမှတ်မှားပြီး စားသုံးမိကြရင် သေဆုံးကြရပါတယ်။

အခုကမ်းတင်နေတဲ့ အမှိုက်တွေဟာ ချောင်းငယ်မြောင်းငယ်တွေကနေ မျောပါလာကာ မြစ်တွေဆီကို ရောက်တယ်။ မြစ်တွေကနေ ပင်လယ်သမုဒ္ဒရာရေပြင်အထိ ရောက်သွားမှာဖြစ်ပါတယ်။ ပင်လယ်သမုဒ္ဒရာတွေဆီကို ဘယ်လောက်အတိုင်းအတာအထိ ရောက်နေပြီလဲဆိုရင် မြောက်ပစိဖိတ်သမုဒ္ဒရာအတွင်းမှာ တန်ချိန်ကိုးသန်းကျော်လောက်ရှိတဲ့ ပလတ်စတစ်အမှိုက်ထုကြီး စီးမျောနေပြီပဲ ဖြစ်ပါတယ်။

**ပင်လယ်မှာကျက်စားတဲ့ သတ္တဝါမျိုးစိတ်ပေါင်း ၂၅၀**

ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေအနေနဲ့ ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်အမှိုက်တွေ ရောက်ရှိသွားမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်မှာ ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများလိမ့်မယ်လို့ ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သတိပေးထားပြီး ဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်ထုကြီး တန်ချိန်သန်းနဲ့ချီပြီး ရေပြင်ထဲရောက်နေတာဟာ ပင်လယ်ငှက်တွေအပြင် ငါး၊ လိပ်တို့လို ပင်လယ်မှာကျက်စားတဲ့ သတ္တဝါမျိုးစိတ်ပေါင်း ၂၅၀ လောက်ကိုပါ ထိခိုက်စေပါတယ်။ ပိုဆိုးတာက သန္တာကျောက်တန်းတွေကိုပါ ပျက်စီးစေပါတယ်။

ဒါဟာ ချောင်း၊ မြောင်း၊ မြစ်နဲ့ ပင်လယ်ရေပြင်တွေမှာ ပလတ်စတစ်အမှိုက် စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာကြောင့် ဖြစ်ပါတယ်။ ရေပြင်မှာ စွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်ရဲ့ အန္တရာယ်က ကြီးမားကျယ်ပြန့်တိုးပွားနေသလို မြေပြင်မှာစွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်တွေရဲ့ အန္တရာယ်ကလည်း လျှော့တွက်ထားလို့မရတဲ့ အနေအထားကို ရောက်နေပါပြီ။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး တိုးပွားလာပါတယ်။ လူသားတွေရဲ့ ပလတ်စတစ်အမှိုက်တွေ စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာတွေကလည်း သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ် တဖြည်းဖြည်းယိုယွင်းပျက်စီးစေတဲ့အကြောင်းရင်းတွေအထဲက တစ်ခုပါပဲ။

**နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ခန့်ကြာမှ**

ပလတ်စတစ်အမှိုက်တွေဟာ မြေကြီးထဲမှာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ မြေကြီးထဲကို ရောက်သွားတဲ့ ကြွပ်ကြွပ်အိတ်တွေကြောင့် မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့၊ သစ်စေ့များမှာ အညှောက်မထွက်နိုင်တော့ဘဲ သေကျေပျက်စီးကြပါတယ်။ မီးရှို့ဖျက်ဆီးမယ်ဆိုရင်လည်း ထွက်ရှိလာတဲ့ အီသိုင်းလင်းအောက်ဆိုက်နဲ့ ဒိုင်အောက်စင်တွေက လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေတယ်။ အဲဒီအငွေ့တွေကို ရှူရှိုက်မိရင် ကင်ဆာရောဂါဖြစ်ပွားစေနိုင်တယ်။

ရေပြင်နဲ့ မြေပြင်မှာ ဘယ်နေရာမှာပဲ စွန့်ပစ်စွန့်ပစ်ပလတ်စတစ်အမှိုက်တွေရဲ့ အန္တရာယ်က အလေးထား သတိပြုရတော့မှာဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်တွေကို မြေနိမ့်ပိုင်းဖြစ်တဲ့ တွင်း၊ ချိုင့်အတွင်း ဖို့မြေအဖြစ် စုပုံတာ၊ မီးရှို့စက်နဲ့ မီးရှို့တာစတဲ့စည်းကမ်းတကျ စွန့်ပစ်တဲ့နည်းလမ်း အသုံးပြုဖို့ လိုအပ်တဲ့အပြင် ပလတ်စတစ်တွေကို လျှော့သုံးဖို့၊ ပြန်သုံးဖို့ လိုအပ်နေပါပြီ။ ကမ္ဘာ့နိုင်ငံအတော်များများမှာ ပလတ်စတစ်အိတ်၊ တချို့က ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တားမြစ်ထားကြပါတယ်။ ကုန်တိုက်ကြီးတွေမှာ ကြွပ်ကြွပ်အိတ် အခမဲ့ပေးတာကိုတားမြစ်ကာ ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို လျှော့ချနေကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ပလတ်စတစ်အမှိုက်နဲ့ပတ်သက်ပြီး အဖြေရှာသင့်ပါပြီ။ ပလတ်စတစ်အမှိုက်အန္တရာယ်ဟာ တစ်နှစ်ထက်တစ်နှစ် သက်ရောက်မှုတွေ ပိုများလာနေပြီဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်ဖြစ်လာမယ့် ပလတ်စတစ်ထုတ်ကုန်တွေထုတ်လုပ်မှုကို ထိန်းချုပ်တာ၊ သုံးစွဲမှုတားမြစ်တာ၊ လျှော့ချတာ၊ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်တွေ)ကို အသုံးပြုဖို့မလိုအပ်ရင် သုံးစွဲမှုကို ငြင်းပယ်ပြီး မဖြစ်မနေသုံးရရင်လည်း စနစ်တကျစွန့်ပစ်ဖို့၊ စည်းကမ်းမဲ့စွာ မဆင်မခြင်စွန့်ပစ်တာမျိုး မလုပ်ကြဖို့ ပြည်သူအများကို အသိပညာပေးကြရတော့မှာပါ။ ကလေးကစလို့ လူကြီးတွေအထိပါ အသိပညာပေး ဟောပြောစည်းရုံးကြရပါမယ်။ ကောင်းကျိုးထက် ဆိုးကျိုးတွေ ပိုဖြစ်လာနိုင်တယ့် အကြောင်းအရာတွေကို သိသာအောင် ရှင်းပြပေးဖို့ လိုလာပါပြီ။

**တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီး အသိပညာပေး ပြောဆိုရှင်းပြ**

မသိနားမလည်မှုတွေက အန္တရာယ်ကို လက်ကမ်းခေါ်နေတာမို့ ကျယ်ကျယ်ပြန့်ပြန့်သိလာအောင် ကြိုးစားပေးကြရပါမယ်။ ပလတ်စတစ်အန္တရာယ်အကြောင်းကို တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီး အသိပညာပေးပြောဆို ရှင်းပြပေးကြရပါမယ်။ တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခုဆီကနေ နောက်ဆုံးပြည်သူအားလုံး ပလတ်စတစ်အန္တရာယ်တွေအကြောင်းကို သိရှိနားလည်ပြီး ပလတ်စတစ်ကုန်ပစ္စည်းတွေကို စည်းကမ်းတကျအသုံးပြုကြမယ်၊ အသုံးပြုပြီး စွန့်ပစ်တဲ့အခါမှာလည်း စနစ်တကျလုပ်ဆောင်ကြမယ်ဆိုရင် ပလတ်စတစ်ညစ်ညမ်းမှုတွေ ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာရဲ့ မြေထု၊ ရေထုမှာ လျော့နည်းသွားပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အခုအချိန်ကစပြီး ပလတ်စတစ်အန္တရာယ်ကို ကာကွယ်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ကြရပါမယ်။ သက်ရှိတွေရဲ့ ဂေဟစနစ်နဲ့ လူတို့ရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ကြရပါမယ်။ အဲဒါကြောင့် ကျွန်တော်တို့အားလုံး မိမိရပ်ရွာ၊ မြို့၊ တိုင်းပြည်နဲ့ ကမ္ဘာကြီးမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို တစ်ထောင့်တစ်နေရာက ထိန်းသိမ်းကာကွယ်ဖို့နဲ့ သက်ရှိတွေရဲ့ဂေဟစနစ်နဲ့ လူတို့ရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ပလတ်စတစ်အမှိုက်တွေကို စနစ်တကျ စည်းကမ်းရှိစွာ စွန့်ပစ်ကြရင်း “ပလတ်စတစ်အမှိုက်အန္တရာယ် ဝိုင်းဝန်းကာကွယ်ကြပါစို့”လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

> **ပလတ်စတစ်အမှိုက်တွေဟာ မြေကြီးထဲမှာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ မြေကြီးထဲကို ရောက်သွားတဲ့ ကြွပ်ကြွပ်အိတ်တွေကြောင့် မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့၊ သစ်စေ့များမှာ အညှောက်မထွက်နိုင်တော့ဘဲ သေကျေ ပျက်စီးကြပါတယ်။ မီးရှို့ဖျက်ဆီးမယ်ဆိုရင်လည်း ထွက်ရှိလာတဲ့အီသိုင်းလင်းအောက်ဆိုက်နဲ့ ဒိုင်အောက်စင်တွေက လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေတယ်။ အဲဒီအငွေ့တွေကို ရှူရှိုက်မိရင် ကင်ဆာရောဂါဖြစ်ပွားစေနိုင်**

## ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်း ပြုလုပ်



**ချောင်းဆုံ ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။

**လက်တွေ့သရုပ်ပြ**

အဆိုပါ ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြိမ်းသတ်နည်းများကို တက်ရောက်လာသူများအား လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ဘက်ထရီအိုးပေါက်ကွဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နေအိမ် ၁၉ လုံး ပျက်စီးဆုံးရှုံး၍ လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဖေဖော်ဝါရီ ၂၆

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မြေပဲဆန်(အခွံပါ) ၅၀ ဒသမ ၀၀ တန်၊ ကြက်သွန်နီ ၆၆၆ ဒသမ ၄၈ တန်၊ ငရုတ်သီး(အခြောက်) ၈၈ ဒသမ ၀၅၆ တန်၊ ငရုတ်သီး(အစို) ၂၇ ဒသမ ၀၂၅ တန်၊ နနွင်းတက် ၁၀ ဒသမ ၀၀ တန်၊ ပီလောပီနံ (အခြောက်) ၂၉၅ ဒသမ ၀၀ တန်နှင့် ဖိနပ် ၁၈၉၀ ဒသမ ၀၀ တန်တို့ ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်း၊ သံနှင့်သံမဏိပစ္စည်းများ၊ သွပ်ပြားပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အခြားစက်ကူများ၊ လေအေးပေးစက်၊ စားသောက်ကုန်ပစ္စည်း၊ တာယာ၊ ကျွတ်များနှင့် စက်မှုကုန်ကြမ်းတို့ဖြစ်သည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

## သာယာဝတီခရိုင်၌ ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ပိုမိုရရှိ

ပဲခူး ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်နေပြီး ဈေးနှုန်းမှာလည်း ထွက်ပေါ်စအချိန်မှ စတင်ပြီး ယခုအချိန်ထိ ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း၊ မတ်ပဲအထွက်နှုန်းမှာလည်း ယခင်နှစ်ကထက် ပိုမိုထွက်ရှိ၍ အကျိုးအမြတ်များစွာရရှိနေကြောင်း သိရသည်။



ရေလိုက်မတ်ပဲ စိုက်ပျိုးရာတွင် ထွန်ယက် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကုန်ကျစရိတ်မှာ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခြွေလှေ့ခ၊ သယ်ယူစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်း တစ်ဧကလျှင် ငွေကျပ် ၆၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၂၅ တင်းနှုန်း ထွက်ရှိကြောင်း၊ တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ ရောင်းချရပြီး တစ်ဧကဝင်ငွေမှာ ငွေကျပ် ၂၅၀၀၀၀၀ ရရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၈၅၀၀၀၀ ရရှိကြောင်း၊ ရေလိုက်မတ်ပဲသည် အစောဆုံးထွက်ရှိသော မတ်ပဲဖြစ်ပြီး နှစ်စဉ် ဈေးကောင်းရရှိကြောင်း၊ မတ်ပဲတစ်တင်းလျှင် ယခင်နှစ်တွင် ငွေကျပ် ၅၄၀၀၀ ရရှိပြီး ယခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀ ဖြင့် ရောင်းချရခြင်းကြောင့် အကျိုးအမြတ်များစွာ ရရှိကြောင်း သိရသည်။ ■

## ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

ပဲခူး ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံရောင်းဝယ်လျက်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်ပဲနှင့် စားတော်ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲသီးနှံဈေးနှုန်းဈေးကွက်အနေဖြင့် ဖေဖော်ဝါရီလ တတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၉၇၅၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၃၅၀ ခန့်၊ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ဖြင့် မန္တလေးသို့ တစ်ရက်လျှင် အိတ် ၂၀၀ ခန့်၊ ပဲစင်းငုံတစ်တင်းလျှင်ငွေကျပ် ၁၂၃၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၃၀၀ခန့်၊ ကုလားပဲ(HL) တစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀၊ ကုလားပဲ (မြကြေးမှုံ)တစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀ ဖြင့် မြို့တွင်း ပဲခွဲစက်သမားများသို့ တစ်ရက်လျှင် ၂၅၀ အိတ်ခန့်၊ ပဲကြီး (ရွှေကျွန်း) တစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် ပဲကြော်သမားများနှင့် မြို့တွင်းသို့ တစ်ရက်လျှင် အိတ် ၂၅၀ ခန့်၊ စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် မြို့တွင်းသို့ တစ်ရက်လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် ဗိုလ်ကိတ် ပဲတစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။



## မိတ္ထီလာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော သီးနှံဈေးနှုန်းများ

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာကုန်စည်ဒိုင်တွင် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ ဝါသီးနှံများ၊ စားဖိုဆောင်သီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မိတ္ထီလာကုန်စည်ဒိုင်၌ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ဖြစ်ပေါ်နေသော ဆီထွက်သီးနှံဈေးနှုန်းများမှာ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀-၁၀၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ်၁၁၀၀၀၀၊နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀-၁၄၅၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀-၁၄၅၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀၊နေကြာ ဖတ်တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံဖြစ်သော ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀-၉၀၀၀၀၊ ပဲစင်းငုံ(သစ်) တစ်တင်းလျှင် ငွေကျပ် ၁၂၂၀၀၀နှင့် ထောပတ်ပဲ(သစ်) တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀- ၁၄၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ငရုတ်သီး(သစ်) တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၉၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၅၀၀ နှင့် မန်ကျည်းသီးအတောင့် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၁၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**၂၆.၂.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၉၀ | ၁၉၀၀၀ | ၃၃၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၉၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၃၅၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၁၁၇၀၀ | ၈၂၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၄၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၄၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၃၇၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၁၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၁၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈

ဒေါ်လင်းလင်းဦး နှင့် ၁။ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်
၂။ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ
၃။ ဒေါ်ခိုင်သီတာအောင်

**တရားလို** **တရားပြိုင်များ**

(၂) တရားပြိုင် ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် (၃) တရားပြိုင် ဒေါ်ခိုင်သီတာအောင် (အတူနေ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် ၁၄ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**(ယခင်) အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၁၈ အမှုတွင် မြန်မာ့ရွှေဆောင်ဘဏ် လီမိတက်က ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူနှင့် ဒေါ်ခိုင်သီတာအောင်တို့ အပေါ်ရရှိထားသော (၁၂–၅–၂၀၂၀) ရက်စွဲပါ ပဏာမဒီကရီနှင့် (၇–၆–၂၀၂၁) ရက်စွဲပါ အပြီးသတ်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်–၄၀ ရှိ စတုတ္ထထပ်(၅–လွှာ) တိုက်ခန်းကို တရားလိုက လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု**"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ (၅) ရက်။ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ နံနက် (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉

ဒေါ်ခင်အေး နှင့် ၁။ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်
၂။ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ
၃။ ဒေါ်ခိုင်သီတာအောင်

**တရားလို** **တရားပြိုင်များ**

(၂) တရားပြိုင် ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် (၃) တရားပြိုင် ဒေါ်ခိုင်သီတာအောင် (အတူနေ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်– ၁၄(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**(ယခင်)အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၁၈ အမှုတွင် မြန်မာ့ရွှေဆောင်ဘဏ် လီမိတက်က ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် ဒေါ်ခိုင်သီတာအောင်တို့ အပေါ်ရရှိထားသော (၁၂–၅–၂၀၂၀) ရက်စွဲပါ ပဏာမဒီကရီနှင့် (၇–၆–၂၀၂၁) ရက်စွဲပါ အပြီးသတ်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်–၄၀ ရှိ မြေညီထပ်တိုက်ခန်းကို တရားလိုက လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ နံနက် (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀

ဒေါ်မေအေး နှင့် ၁။ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်
၂။ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ
၃။ ဒေါ်ခိုင်သီတာအောင်

**တရားလို** **တရားပြိုင်များ**

(၂) တရားပြိုင် ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် (၃) တရားပြိုင် ဒေါ်ခိုင်သီတာအောင် (အတူနေ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်– ၁၄ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**(ယခင်) အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၁၈ အမှုတွင် မြန်မာ့ရွှေဆောင်ဘဏ် လီမိတက်က ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် ဒေါ်ခိုင်သီတာအောင်တို့ အပေါ်ရရှိထားသော (၁၂–၅–၂၀၂၀) ရက်စွဲပါ ပဏာမဒီကရီနှင့် (၇–၆–၂၀၂၁) ရက်စွဲပါ အပြီးသတ်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်– ၄၀ ရှိ ပထမထပ်(၂–လွှာ) တိုက်ခန်းကို တရားလိုက လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်။ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ နံနက် (၁၀) နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄

ဦးမြင့်လွင် နှင့် ၁။ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်
၂။ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ
၃။ ဒေါ်ခိုင်သီတာအောင်

**တရားလို** **တရားပြိုင်များ**

(၂) တရားပြိုင် ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် (၃) တရားပြိုင် ဒေါ်ခိုင်သီတာအောင် (အတူနေ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်–၁၄(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**(ယခင်) အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၁၈အမှုတွင် မြန်မာ့ရွှေဆောင်ဘဏ် လီမိတက်က ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် ဒေါ်ခိုင်သီတာအောင်တို့ အပေါ်ရရှိထားသော (၁၂–၅–၂၀၂၀) ရက်စွဲပါ ပဏာမဒီကရီနှင့် (၇–၆–၂၀၂၁) ရက်စွဲပါအပြီးသတ်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်– ၄၀ ရှိ အပေါ်ဆုံးလွှာ (Pent House) တိုက်ခန်းကို တရားလိုက လက်ရှိထားပိုင်ခွင့် ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ မြေကွက်အမှတ် ၃၃၂/ခ၊ မြေကွက်တည်နေရာအမှတ်(၃၃၂/ခ)၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးခင်လှိုင်(ISN–၃၀၄၅၉၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးခင်လှိုင်ကို တရားပြိုင်ထား၍ တရားလိုဒေါ်လှလှမြိုင်မှ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၂၁/၂၀၂၃)၏ စီရင်ချက်၊ တရားမဒီကရီမှုအမှတ်(၂၅/၂၀၂၃)၏ အမိန့်၊ ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စားဘီလစ်ဒေါ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ ဘီလစ် ခန့်စာ၊ မြေခွန်စည်းကြပ်ခြင်းမရှိကြောင်း EO ရုံးထောက်ခံစာ၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်ထက်ကိုကို [၁၂/တကန(နိုင်)၂၀၄၉၄၄]နှင့် အများသိစေရန် ကြေညာခြင်း

Akkhaya Tea House (Yankin) မှ မန်နေဂျာဖြစ်သူ ဦးစိုးမင်းနိုင်[၈/နမန(နိုင်)၁၀၆၂၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အုပ်ပုံစုရပ်ကွက်၊ မဟာသီရိလမ်းတွင် နေထိုင်သူ မောင်ထက်ကိုကို [၁၂/တကန(နိုင်)၂၀၄၉၄၄]သည် Akkhaya Tea House (Yankin) တွင် (၂၄–၉–၂၀၂၃) ရက်နေ့မှစတင်၍ ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း (၂၅–၁၂–၂၀၂၃) ရက်နေ့တွင် မောင်ထက်ကိုကို၏ ပေါ့လျော့စွာ မောင်းနှင်မှုကြောင့် အခြားယာဉ်တစ်စီးအား ဝင်တိုက်ပွတ်ဆွဲသွားပြီး လမ်းသစ်ပင်အား ဝင်တိုက်ခဲ့သည့်အတွက် Akkhaya Tea House (Yankin) မှ ပိုင်ဆိုင်သောယာဉ်နှင့် အခြားယာဉ်တစ်စီး ပျက်စီးသွားခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကြောင့် မောင်ထက်ကိုကိုသည် ၎င်း၏အမှားအား ဝန်ခံကာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန်နေဂျာ ဦးစိုးမင်းနိုင်ထံ (၂၆–၁၂–၂၀၂၃) ရက်စွဲပါ "ဝန်ခံကတိပြုစာချုပ်" ချုပ်ဆို၍ ကုန်ကျစရိတ်ငွေကြေးအားလုံးကို ကျခံပေးဆောင်ပါမည်ဟု ဝန်ခံကတိပြုခဲ့ပါသည်။ မောင်ထက်ကိုကိုသည် ၎င်း၏ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့သည့်ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ၎င်းမှ ဝင်တိုက်ပွတ်ဆွဲသွားသော ယာဉ်အား လျော်ကြေးငွေပေးအပ်ခြင်း၊ ဆိုင်မှပိုင်ဆိုင်သောယာဉ်အား ပြင်ဆင်ခြင်း စသည့်ကုန်ကျစရိတ် ငွေများနှင့် Akkhaya Tea House (Yankin) မှ စိုက်ထုတ် ကုန်ကျပေးခဲ့ပြီးဖြစ်သော်လည်း မောင်ထက်ကိုကိုသည် အထက်လူကြီးများအား အသိပေးခြင်းမရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းမှထွက်သွားသည့်အတွက် တယ်လီဖုန်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ နေရာတွင်လည်းကောင်း ဆက်သွယ်၍မရရှိခဲ့ပါ။ သို့ပါသောကြောင့် မောင်ထက်ကိုကိုမှ မိမိဝန်ခံကတိပြုသည့်အတိုင်း Akkhaya Tea House (Yankin) မှ စိုက်ထုတ်ကုန်ကျငွေအားလုံးကို Akkhaya Tea House (Yankin)၏ တာဝန်ရှိသူ မန်နေဂျာ ဦးစိုးမင်းနိုင်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အမြန်ဆုံးလာရောက်ရှင်းလင်းရန်နှင့် မောင်ထက်ကိုကိုအား တွေ့ရှိပါက တာဝန်ရှိသူ မန်နေဂျာ ဦးစိုးမင်းနိုင်ထံသို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းခြင်းမရှိပါက ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်ထက်ကိုကိုနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၁၂)**
**ရုံးအမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ သခင်ဗဟိန်းလမ်းနှင့်နွယ်သာကီလမ်းထောင့်၊ မြေကွက်အမှတ်(၁၃၂)ဟုခေါ်တွင်သော(အလျား၄၅/၅၅ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးသိန်းဝင်း[၁၂/လမန(နိုင်)၀၁၆၂၉၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော နွယ်သာကီလမ်းနှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၅/၃၅ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးရဲထွန်းနိုင်[၉/မခန(နိုင်)၀၀၁၅၈၇]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)**
**Ph–09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**Ph:09–420080932,09–983837110**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃

ဒေါ်ခိုင်ခိုင်ကျော် နှင့် ၁။ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်
၂။ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ
၃။ ဒေါ်ခိုင်သီတာအောင်

**တရားလို** **တရားပြိုင်များ**

(၂) တရားပြိုင် ဦးစိုးမြတ်သူ (ခ) ဦးမြတ်သူနှင့် (၃) တရားပြိုင် ဒေါ်ခိုင်သီတာအောင် (အတူနေ) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်– ၁၄ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "**(ယခင်) အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၁၈ အမှုတွင် မြန်မာ့ရွှေဆောင်ဘဏ် လီမိတက်က ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူနှင့် ဒေါ်ခိုင်သီတာအောင်တို့ အပေါ်ရရှိထားသော (၁၂–၅–၂၀၂၀) ရက်စွဲပါ ပဏာမဒီကရီနှင့် (၇–၆–၂၀၂၁) ရက်စွဲပါ အပြီးသတ်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်– ၄၀ ရှိ ဆဋ္ဌမထပ်(၇–လွှာ) တိုက်ခန်းကို တရားလိုက လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်၊ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ နံနက် (၁၀) နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ – ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၁ ) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အလုံခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်Lထွယ်အောင် [၁/မကန(နိုင်)၁၉၆၁၄၁]၏ ပတ်စ်ပို့နံပါတ် (MG–465231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၁၈၄၉၄၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကျော်စန်း [၁/မညန(နိုင်)၁၃၃၉၆၃]၏ ပတ်စ်ပို့နံပါတ် (M–306796)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၄၄၀၂၄၄၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၊ မြေကွက်အမှတ် ၃၃၂/က၊ မြေကွက်တည်နေရာအမှတ်(၃၃၂/က)၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးထွန်းလှိုင် (ISN–၀၁၈၇၅၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးထွန်းလှိုင် တရားပြိုင်ထား၍ တရားလိုဒေါ်ခိုင်ယုဝေမှ မှတ်ပုံတင်အရောင်း စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံး တရားမကြီးမှုအမှတ်(၂၀/၂၀၂၃)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၄၆/၂၀၂၃)၏ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆] မှ တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ တရားရုံးအမိန့်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ စီ°၊ မြေကွက်အမှတ်(V-၁၅၇)၊ အကျယ်အဝန်း(၀.၀၂၉)ဧကရှိ မြေပိုင်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၂၆)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးမျိုးမင်းဇော် [၁၂/ကမတ(နိုင်)၀၄၇၆၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍နစ်နာမှု တစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၅)လမ်း၊ အမှတ်(၁၂၅)၊ (၃)ထပ်ခွဲ (၅)ထပ်တိုက်၏ မှန်ခန်း (ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(အလျား ၁၂ ½ ပေ x အနံ ၅၀ပေ)ရှိသော တိုက်ခန်းကို လက်ရှိ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်တင်[၈/သရန(နိုင်)၀၁၁၁၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းမိုးမိုးထွေး [၁၃/ကမန(နိုင်)၁၂၉၀၀၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရွှေဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)**
**အမှတ်(၉/၁၁)၊ ဒုတိယထပ်၊ အခန်း(၂၀၂-E)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၂၂၃၂၅၊ ၀၉-၇၉၈၁၆၅၁၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ အပိုင်း(၂)၊ အိမ်အမှတ်(၆၇၉)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ အကျယ်(၁၁ ½ ပေx ၄၇ပေ)ရှိ (ဒုတိယထပ်-A)၊ (ခေါင်းရင်းခန်း)အပါအဝင် ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျော်ယု [၁၄/ဒဒရ(နိုင်)၁၁၇၅၈၃]နှင့် ဒေါ်စောမြမာလာ[၁၂/သဃက(နိုင်)၁၄၇၇၈၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်မေသဇင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးထူးရင် (LLB, L.L.M) (Credit) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၄)**
**တာဝါဘီ၊ အခန်းအမှတ်(၄၀၁)၊ လမ်း(၅၀)ကွန်ဒို၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၇၁၂၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ်(၅၀)(၃)ခန်းတွဲတိုက်၏-၆-လွှာ(ဘီ)(အလယ်ခန်း)၊ အကျယ်အဝန်း(အလျား၁၅ပေxအနံ၆၀ပေ)ရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးယဉ်ထွန်း [၁၂/ကမတ(နိုင်)၀၃၇၇၇၇]ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်တို့မိတ်ဆွေများဖြစ်ကြသော ဦးသောင်းဝင်း[၁၄/ဖပန(နိုင်)၀၀၀၂၈၀]နှင့် ဦးမင်းသူရကျော်[၁၂/ကမတ(နိုင်)၀၇၆၁၉၄]ကိုင်ဆောင်သူတို့မှရောင်းချသည့် တန်ဖိုးနှင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်(တစ်ပတ်)အတွင်း ကျွန်ုပ်တို့ထံသို့စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသောင်းဝင်း[၁၄/ဖပန(နိုင်)၀၀၀၂၈၀]နှင့် ဦးမင်းသူရကျော်**
**[၁၂/ကမတ(နိုင်)၀၇၆၁၉၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိန်လှိုင်** | **ဒေါ်သန်းသန်းစိုး** |
| **အထက်တန်းရှေ့နေ(စဉ်-၉၆၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)** |
| | **(၄-၁၂-၁၉၈၄)** |

**တိုက်(၉/၁၁)၊ (၁၀၃)စီ(ပထပ်)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။Ph:09-420014212,09-250022892,09-443021827**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ (၃၂)လမ်း(အောက်)၊ အမှတ်(၇၃)၊ မြေညီထပ်၊ အကျယ်အဝန်း(၁၂ ½ ပေx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဝင်းသိန်း[၁၂/တမန(နိုင်)၀၇၁၁၉၂]ထံမှ ဦးနီနီထွန်း[၁၂/မဂဒ(နိုင်)၀၂၀၂၀၆]တို့က အပြီးအပြတ်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြော်ငြာသည့်နေ့မှ (၃)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာဦး(LL.B)(စဉ်-၈၅၇၂)** | **ဒေါ်မေသူအောင်(LL.B)(စဉ်-၁၆၆၅၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၈၃၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၅၈၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၉/ခ)၊ အကျယ်အဝန်း(၁၂ ½ x ၅၀)ပေရှိ ဦးလှစိန် [၁၂/ဒပန(နိုင်)၀၄၀၀၁၃] ဝယ်ယူပိုင်ဆိုင်ထားသော ဦးစန်းဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးလှစိန်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်လှလှဝင်း[၁၂/မဂတ(နိုင်)၀၇၉၀၆၇]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစီစူလ်ကျန်[၇/ဖမန(နိုင်)၀၉၄၅၈၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်ဝင်းလှိုင် (LL.B)** | **ဒေါ်စန္ဒာလှိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)** |

**ရုံးခန်း-အမှတ်(၂၇)၊ ပထမထပ်၊ ဇေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၈၄)၊ ကွင်းအမည်-ရွာသစ်ကွင်း၊ ဦးပိုင်အမှတ်(၉၄/၁၁)၊ ဧရိယာ (၀.၂၀) ဧကရှိ၊ (၁၀) နှစ် မြေငှားဂရန်မြေ ဦးသန်းမြင့်အမည်ပေါက် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးသန်းမြင့်(ကွယ်လွန်)၏ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်အေးသန်းမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အမွေစားအမွေခံမှအစ အမှုအခင်း အရှုပ်အရှင်းကင်းရှင်းပါကြောင်းနှင့် ဂရန်မူရင်း၊ စာရွက်စာတမ်းမူရင်းများမှန်ကန်ကြောင်း လူနေမှု အလွှတ်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း တာဝန်ယူ ဝန်ခံကတိပြုလျက် ဦးသန်းမြင့်(ကွယ်လွန်)နှင့် ဇနီး ဒေါ်ခင်အေးသန်းတို့မှ မွေးဖွား သောသမီးအရင်းဖြစ်သူ ဒေါ်နန်းစုလှိုင်အေးက ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၂၅၈၄၆/၂၃ အရ မိခင် ဒေါ်ခင်သန်း၏ ကိုယ်စားပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငွေးနွဲ့ (LL.B, DBL, DML) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**အမှတ်(၃၅)၊ အခန်း (၁၀၂)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ရုံးတော်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(D/၄၆)ဟု ခေါ်တွင်သော သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အကွက်အမှတ်(၂၃)၊ ရုံးတော်ကွက်၊ ဦးပိုင်အမှတ်(၈/၁၅၀)၊ ဧရိယာ (၀. ၀၅၈)ဧက၊ သန်လျင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲအမှတ်-RPNO-၁၃၉/V/၂၀၂၂-၂၀၂၃ (၁၃-၁၂-၂၀၂၃ မှ ၁၂-၁၂-၂၀၅၃အထိ)အရ ဦးတင်စိန်(ခ)နိုင်နိုင်အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးတင်စိန်(ခ)နိုင်နိုင်(ဘ)ဦးတင် [၁၂/သလန(နိုင်)၀၇၆၇၉၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မောင်လွင် [၁၂/လသန(နိုင်)၀၀၃၄၇၅]ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ဂရန်မူရင်း၊ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေ အမိန့်- ၅၊ နည်းဥပဒေ ၂၀)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀**

| | | |
|---|---|---|
| ဒေါ်နော်ဝါးကဖေါ် | **နှင့်** | ၁။ ဦးဝင်းသိန်း |
| | | ၂။ ဒေါ်နှင်းဝတ်ရည်ဦး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အမှတ်-ယ/၅၉၊ အောင်မေတ္တာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁-တရားပြိုင်) ဦးဝင်းသိန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “**အချင်းဖြစ်အိမ်မြေပိုင်ဆိုင်မှု၏ တစ်ဝက်ကို တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု**” လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီ**အချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( ၂၁ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၀၃၃)၊ အလျား(၄၀ပေxအနံ၆၀ပေ)အကျယ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်ကြီး၏ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီးအနက်မှ(အလျား၂၀ပေxအနံ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ ငွေစင်လမ်း၊ အမှတ်(၁၀၃၃)ဟုခေါ်တွင်သော မြေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးညွန့်ရီ (S/OKA-၀၄၆၁၂၄) အမည်ပေါက်ကြောင်း၊ ၎င်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်တင်အေးနှင့် ရောင်းသူ ဦးစိုးမွန်အောင် [၁၂/ဗဟန(နိုင်)၀၉၂၉၀၂] တို့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပူးတွဲမြေငှားဂရန်သစ်လျှောက်ထားနေဆဲအဆင့်ဖြစ်ပြီး၊ ရောင်းသူမှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နီနီဝင်း[၁၂/ဥကမ(နိုင်)၀၂၄၀၅၉]၊ ဒေါ်ဝါဝါအောင်[၁၂/ဥကမ(နိုင်)၀၃၄၇၁၈]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းခင်၏ သား ဦးတင်ဆန်း [၁၂/ရပသ(နိုင်)၀၃၉၅၁၉]၏ နိုင်ငံကူး လက်မှတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၃၇၃၃၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးလင်း[၁၂/ဗဟန(နိုင်)၀၆၅၅၅၆] ၏ နိုင်ငံကူး လက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၀၁၆၅၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ် (ဘီ)၊ အခန်းအမှတ်(၃၁၆)၊ ၄-လွှာ၊ စတုရန်းပေ (၁,၂၀၀)ကျယ်ဝန်းသော တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်ခင်နှင်းရွှေ [၉/မထလ(နိုင်)၀၀၉၅၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင့်မြတ်မျိုး [၁၂/စခန(နိုင်)၀၂၇၄၉၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင့်မြတ်မျိုး** | **ဦးဖြိုးဝေ ( LL.B, DBL )** |
| **[၁၂/စခန(နိုင်)၀၂၇၄၉၁]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၈၀ )** |
| | **ဖုန်း-၀၉-၄၂၀၁၃၀၇၆၁၊ ၀၉-၇၈၉၉၀၄၇၅၁** |

## အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဒေါ်ဇာဇာစိုး[၁၂/စခန(နိုင်)၀၇၄၂၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဇာစိုးနှင့် ဦးထွန်းအောင်ခိုင် [၅/ရဥန(နိုင်)၀၉၅၇၃၄]တို့သည် ဇနီးမောင်နှံများဖြစ်ကြပြီး ဦးထွန်းအောင်ခိုင်သည် (၁၁-၉-၂၀၂၃)ရက်နေ့တွင် ဒေါ်ဇာဇာစိုးနှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်ဘဲနေအိမ်မှ ထွက်သွားခဲ့ရာ ယခုအချိန်ထိ ဦးထွန်းအောင်ခိုင် မည်သည့်နေရာ၌ နေထိုင်ကြောင်း၊ မည်သူနှင့်အတူရှိနေကြောင်း ဒေါ်ဇာဇာစိုးမှ သိရှိခြင်းမရှိပါ၍ ဦးထွန်းအောင်ခိုင်နှင့်သက်ဆိုင်သောမည်သည့်ပြဿနာ၊ မည်သည့်ကိစ္စကိုမျှ ဒေါ်ဇာဇာစိုးမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းမာလာ (LL.B)** | **ဦးဉာဏ်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၅၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၁၅)** |

**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၃၁၆၀၄၈၀၊ ၀၉-၄၄၉၉၂၈၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

